မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၉)၊ အမှတ်(၂၁)

သီဆိုကခုန်သံ၊ အားပေးလက်ခုပ်သံများ ဖုံးလွှမ်းနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အနုပညာမြင်ကွင်း မောင်မောင်မြင့်ဆွေ	ဓာတ်ပုံမှတ်တမ်း တင်စိုး(မြန်မာ့အလင်း)	စာမျက်နှာဖွဲ့စည်းမှု မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၀ (ဖက်စ်)

နေပြည်တော်တပ်ကုန်းမှအထွက် ရှမ်းရိုးမတောင်တန်းများအပေါ် ရောင်နီဖြာကျနေပြီ....။ လမ်းတစ်လျှောက် သွားလာလှုပ်ရှားနေသူများ၊ လယ်ယာလုပ်ငန်းခွင် လုပ်ကိုင်နေသူများ၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေသူများကို အဆက်မပြတ်မြင်တွေ့ရသည်။ မြန်မာ့အလင်းသတင်းအဖွဲ့ကား (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ကျင်းပရာ နေပြည်တော်ရေဆင်းရှိ ပြိုင်ပွဲခန်းမများဆီသို့ ဦးတည်လျက်....။

"စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။"
စောသမော့ရှူး (ကရင်ပြည်နယ်)

ယှဉ်ပြိုင်

မြန်မာ့အလင်းသတင်းအဖွဲ့ ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲ ကျင်းပရာ အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)သို့ ရောက်ရှိခဲ့သည်။ ခန်းမအတွင်း ဝင်ရောက်ချိန်၌ ပြိုင်ပွဲဝင်တစ်ဦး စင်မြင့်ပေါ်မှနေ၍ အကဲဖြတ်ဒိုင်များအား ဂါရဝပြုနေသည်ကို လှမ်းတွေ့ရသည်။ ထို့နောက် ထိုင်ခုံတွင်ထိုင်ကာ တေးသီချင်းသီဆို၍ စတင်ယှဉ်ပြိုင်လေသည်။ မြူးကြွသောတီးလုံး၊ အသံအနိမ့်အမြင့် ညီညာမှန်ကန်မှု၊ သံစဉ်နှင့် အဆို အဝင်အထွက်ကွက်တိဖြစ်အောင် သီဆိုနိုင်သည်ကို တွေ့ရသည်။ အသံအဆွဲအငင်၊ အတက်အကျနှင့် သံစဉ်တေးသွားလိုက်ဖက်စွာ သီဆိုနိုင်သဖြင့် ပရိသတ်များ၏ အားပေးလက်ခုပ်သံများ မပြတ်တမ်းပေါ်ထွက်လာသည်။

စာမျက်နှာ ၃ ကော်လံ ၃ ✻

ရန်ကုန်တိုင်းကိုယ်စားပြုပြဇာတ်အဖွဲ့ 'သားကောင်းရတနာ' ပြဇာတ် ယှဉ်ပြိုင်တင်ဆက်မှု

ဒုတိယဝိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ **'သားကောင်းရတနာ'** ပြဇာတ်ပြိုင်ပွဲ ဒုတိယနေ့ ဒုတိယပွဲစဉ်ကို ယမန်နေ့ည ၉နာရီတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့က ပါဝင်ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❒

မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့်အနီး တစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တည်ငြိမ်ခံ့ညားလှပနေသည့် သံလွင်တံတား (မော်လမြိုင်)

သတင်းမှတ်စု	- တင်မာဝင်းနှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း	- မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု	- မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၀

နိုင်ငံတော်က ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတစ်ခုနှင့်တစ်ခုအကြား ကွာဟမှုလျော့နည်းရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ပြီး အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေးတို့အတွက် လိုအပ်သည့်အခြေခံအုတ်မြစ်များကို ဘက်ပေါင်းစုံမှ အကောင်အထည်ဖော် ဖြည့်ဆည်းပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၁ ရက်)

အိုင်တီနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း နိုင်ငံတော်အတွက် အကျိုးရှိစွာ အသုံးပြုစွမ်းဆောင်

မျက်မှောက်ကာလ ကမ္ဘာ့နိုင်ငံများသည် မိမိနိုင်ငံ၏ကိုယ်ပိုင်အင်အားနှင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်ကျွမ်းပြီး တီထွင်အသုံးချနိုင်စွမ်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုင်ဆိုင်နိုင်မှုသည် အဓိကကျသည်။

မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်ရာတွင် အိုင်တီဆိုင်ရာ နည်းပညာပြပွဲများကို ကျင်းပပေးခြင်းဖြင့် လေ့လာသိရှိနိုင်ရန် အခွင့်အရေးတစ်ရပ် ရရှိခြင်းပင်ဖြစ်သည်။

အိုင်စီတီပြပွဲတစ်ရပ်ကို အောက်တိုဘာလ ၁၅ရက်နေ့မှ ၁၈ရက်နေ့အထိ တပ်မတော်ခန်းမ၌ ကျင်းပခဲ့ရာ ပြည်တွင်းနည်းပညာကုမ္ပဏီများက နောက်ဆုံးပေါ်နည်းပညာပစ္စည်းများ၊ ဟာ့ဒ်ဝဲ၊ ဆော့ဖ်ဝဲပစ္စည်းများ ခင်းကျင်းပြသခဲ့ကြသည်။

ဆော့ဖ်ဝဲနည်းပညာများနှင့်စပ်လျဉ်း၍ ဆေးဝါးထုတ်လုပ် ဖြန့်ဖြူးရောင်းချသည့် ဆော့ဖ်ဝဲ၊ စားသောက်ဆိုင်များတွင် အသုံးပြုသည့်ဆော့ဖ်ဝဲ၊ ဆေးရုံဆေးခန်းနှင့်စီမံခန့်ခွဲမှုစနစ်များတွင် အသုံးပြုသည့် ဆော့ဖ်ဝဲ၊ ဟိုတယ်များတွင် အသုံးပြုသည့် ကွန်ပျူတာသုံးစနစ်၊ ဝန်ထမ်းများအား လစာပေးရာတွင် အသုံးပြုသည့် စနစ်၊ ရုံးဆင်း ရုံးတက်အသုံးပြုသည့် စနစ်၊ လုံခြုံရေးနှင့် အရောင်းဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်မှုမှတ်တမ်း ဆော့ဖ်ဝဲများ ပါဝင်သည်။

လူနေမှုစနစ်များ တိုးတက်ပြောင်းလဲလာမှု၊ စီးပွားရေးတိုးတက်ပြောင်းလဲလာမှုနှင့်အတူ အိုင်တီနည်းပညာများကိုလည်း တွဲဖက်အသုံးပြုပါက လုပ်ငန်းများ မှန်ကန်လျင်မြန်လာမည် ဖြစ်သည်။

ခင်းကျင်းပြသခဲ့သည့် ဆော့ဖ်ဝဲများတွင် ကွန်ပျူတာသုံး စာရင်းကိုင်စနစ် ဆော့ဖ်ဝဲလည်းပါရှိပြီး ယင်းဆော့ဖ်ဝဲသည် အထွေထွေစာရင်းပေါင်းချုပ်၊ ငွေစာရင်းပေါင်းချုပ်၊ ဘဏ္ဍာရေးအစီရင်ခံစာများလုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းသုံး စီမံခန့်ခွဲမှုစနစ် ဆော့ဖ်ဝဲကိုလည်း ခင်းကျင်းပြသခဲ့ရာ လူနာပြသရန် စာရင်းပေးသည့်အချိန်မှစ၍ လူနာများ ရောဂါရှာဖွေမှုမှတ်တမ်းများ၊ ကုသမှုမှတ်တမ်းများ၊ ဆေးနှင့်အခြားခွဲစိတ်မှု မှတ်တမ်းများကို မှတ်သားနိုင်သည်။

မျက်မှောက်ကာလတွင် အိုင်တီနည်းပညာများ တိုးတက်ပြောင်းလဲလျက်ရှိရာ ယခုကဲ့သို့ နည်းပညာပြပွဲများ ခင်းကျင်းပြသခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာသော နည်းပညာများကို လူငယ်မောင်မယ်များ လေ့လာသိရှိခွင့်ရရှိကြပြီး နိုင်ငံတော်အတွက် ထိရောက်စွာအသုံးပြုသွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာနယ်ဇင်းပညာသင်တန်း (၃/၂၀၀၉)ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးဖွင့်လှစ်မည့် စာနယ်ဇင်းပညာသင်တန်း (၃/၂၀၀၉)ကို နိုဝင်ဘာ ၂ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ဒုတိယထပ်ရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၌ ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းဝင်ခွင့်ရရှိကြသူများ၏အမည်စာရင်းကို အဆိုပါအဖွဲ့ရုံး၌ ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၀-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဉ္စာနံ့ပါဠိတော် + ခန္ဓသုတ် မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **သေရဲအောင်ကြိုးစားကြ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၆:၅၀ အုံ့ဖွယ်ထူးခြား ကလောမဟာမုနိ ဆုတောင်းပြည့်နီးဘုရား
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း** (အပိုင်း-၂၀)
၈:၃၀ Sports World (World of Gymnastics)
၈:၅၅ Industrial Talk
၉:၂၀ စားချင်စဖွယ် နည်းအသွယ်သွယ် (Star Fried Chicken Drum Steak With Vegetable and Tomato Ketchup နှင့် Cream of Mushroom Soup ပြုလုပ်ပုံ)
၉:၃၀ အားကစားမြင်ကွင်းစုံ ဦးခင်မောင်ကြိုင်၊ ဦးတင်မြင့်အောင် (Delta United)
၁၀:၀၀ ပတ္တမြားမြေရဲ့အလှသက်သေ
၁၀:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ(တင်မိုးခိုင်)
၁၀:၅၀ Being Beijing
၁၁:၂၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Disney World)
၁၁:၃၀ သစ်တောများမပြုန်းတီးစေရာ စွမ်းအားမြင့် အေဝမ်းမီးဖိုထုတ်လုပ်ရာ
၁၁:၅၀ မြေလတ်ရဲ့ ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၂:၀၅ ဗီဒီယိုပြခန်း
၁၂:၂၅ တေးဂီတအစီအစဉ်
၁၂:၅၀ Activities in the City (ဇမ္ဗူအေးကျောင်းတိုက် သံဃမဟာပဝါရဏာပြုပွဲ)
၁:၀၀ **သေရဲအောင်ကြိုးစားကြ** တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အဆန်းထွင်တာကောင်းတယ်၊ အဆန်းမထွင်တာကောင်းတယ်)
၃:၄၀ **အိမ်တွင်းပုန်းများမကြည့်ရ** နေတိုး၊ သက်မွန်မြင့် (ဒါရိုက်တာ-ဇာဏီထက်လင်း)
၄:၀၀ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၄:၁၅ ပြည်သူများသိသင့်သော ဆေးပညာကျင့်ဝတ်သိက္ခာများ (အပိုင်း-၁)
၄:၅၅ Activities in the City (ဇမ္ဗူအေးကျောင်းတိုက် သံဃမဟာပဝါရဏာပြုပွဲ)
၅:၀၅ သွေးချင်းတို့ဆီအရောက်သွားမည်
၅:၁၀ လေလွင့်ခြင်း၏ ရွှေရောင်ခြေလှမ်းသစ်
၅:၂၅ စားချင်စဖွယ် နည်းအသွယ်သွယ် (Star Fried Chicken Drum Steak With Vegetable and Tomato Ketchup နှင့် Cream of Mushroom Soup ပြုလုပ်ပုံ)
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ ဓာတ်ပုံထဲမှ အမှတ်တရများ (အဆိုတော်ဖြူနှင့် တွေ့ဆုံခြင်း)
၆:၅၀ ဗီဒီယိုပြခန်း
၇:၁၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ်
၇:၂၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ(တင်မိုးခိုင်)
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အဆန်းထွင်တာကောင်းတယ်၊ အဆန်းမထွင်တာကောင်းတယ်)
၉:၁၅ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Disney World)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အလှသစ်ဖန်တီးခြင်း** (အပိုင်း-၂၀)
၁၀:၀၀ ကမ္ဘာ့စုံလင် အားကစားအစီအစဉ်
၁၁:၄၅ Industrial Talk
၁၂:၀၅ Being Beijing
၁၂:၃၅ ပတ္တမြားမြေရဲ့ အလှသက်သေ
၁၂:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၁-၁၀-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မေးမြန်းစူးစမ်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၉။ ကျန်းမာသုတ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ Mail Box
၆:၃၅ ၁၄။ ကာတွန်းအစီအစဉ် **မှော်ဆရာနှင့် ပင်လယ်နတ်သမီး** (အပိုင်း-၁၅)
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဖြေလိုက်ပါ
၂၂။ ICT သုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လှုပ်လှုပ်ရှားရှားပစ်မှတ်များ** (အပိုင်း-၈)

အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် လာအိုနိုင်ငံနှင့် အားကစားပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အားကစားဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီတို့သည် နှစ်နိုင်ငံအားကစားပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်စိုးမြင့်နှင့် ညွှန်ကြားရေးမှူး ဦးနော်တောင်တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E. Mr. Phouthong Seng Akhom ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ အောက်တိုဘာ ၁၄ ရက်မှ ၁၇ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ကြသည်။

တက်ရောက်

အောက်တိုဘာ ၁၅ရက် ဒေသစံတော်ချိန် နံနက် ၉နာရီခွဲတွင် ဗီယင်ကျန်းမြို့ရှိ Don Chan Palace Hotel ညော်ခန်းမဆောင်၌ နှစ်နိုင်ငံ အားကစားအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးညွှန့်လှိုင်နှင့် အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး H.E.Mr.Phouthong Seng Akhom နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အားကစားဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားအားကစားနှင့် ကာယပညာကော်မတီတို့သည် နှစ်နိုင်ငံအားကစား ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ဆွေးနွေး

ထို့နောက် ဝန်ကြီးသည် ဒေသစံတော်ချိန် နံနက် ၁၁နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Bouasone BOUPHAVANH အား ဝန်ကြီးချုပ်ရုံး ညော်ခန်းမဆောင်သို့ သွားရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** နှစ်နိုင်ငံချစ်ကြည်ရေးနှင့် အားကစား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဝန်ကြီးသည် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီတွင် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပမည့် ပင်မအားကစားကွင်းသို့ သွားရောက်ပြီး ပင်မအားကစားကွင်း၊ ရေကူးနှင့် ဒိုင်ဗင်ကန်၊ တင်းနစ်အားကစားကွင်း၊ ဘော်လီဘောနှင့် ဘတ်စကက်ဘော အားကစားရုံများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ဝန်ကြီးသည် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အားကစားသမား ၄၀၀၀ တည်းခိုနိုင်မည့် အားကစားရွာသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ရက် ညနေပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ အမျိုးသားအားကစား လေ့ကျင့်ရေးစခန်းသို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး အားကစားလေ့ကျင့်ရေးခန်းမ၌ တိုက်ကွမ်ဒို၊ ဂူရှူးနှင့် လက်ဝှေ့လက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုကိုပါ ကြည့်ရှုလေ့လာကြသည်။

ပေးအပ်

ဝန်ကြီးသည် အောက်တိုဘာ ၁၇ရက် နံနက်စာနာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ သွားရောက်ပြီး သံအမတ်ကြီး ဦးညွှန့်လှိုင်နှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။

ပြန်လည်ရောက်ရှိ

ဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၇ရက်ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ငွေကြေးဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

အောက်တိုဘာ ၂၄ရက်(စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ ၁၀ထပ် အခန်းအမှတ် ၁၀၀၉ရှိ Wise International ခန်းမ၌ စာရေးဆရာ ခင်မောင်ညို(ဘောဂဗေဒ)က Money Matters ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂တို့သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီးတို့ ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့၏ "သားကောင်းရတနာ"ပြဇာတ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို လေးစားမြတ်နိုးတန်ဖိုးထားကြသော ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်တင်ဆက်

ရန်ကုန်တိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီမံအုပ်ချုပ်သူ ဦးဂမုန်း၊ ဇာတ်ညွှန်းစာရေးဆရာ ဆန်းနွေဦး၊ ဒါရိုက်တာ ဉာဏ်ဝင်းဦး၊ ခေါင်းဆောင်မင်းသား မင်းရာဇာနှင့် ဇော်ဝင်းမောင်၊ ခေါင်းဆောင်မင်းသမီး ချယ်ရီမြင့်ကျော်နှင့် လင်းဇာနည်ဇော်၊ ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များက စန္ဒရား တက္ကသိုလ်ဆန်နီ၊ စိန်လှငွေဆိုင်းအဖွဲ့နှင့်တွဲဖက်၍ အနုပညာရသပြောင်မြောက်စွာ မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်တင်ဆက်သွားသည်။

(သတင်းစဉ်)

လေယာဉ်ကွင်းလမ်း ချုံပုတ်နှင့် မြက်များရှင်းလင်း

ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၂၀

ကြာအင်းဆိပ်ကြီးမြို့ သန့်ရှင်းသာယာလှပစေရေးအတွက် လေယာဉ်ကွင်းလမ်းတစ်လျှောက် အမှိုက်များ၊ ချုံနှင့် မြက်များ ရှင်းလင်းနေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

● *ရှေ့ဖုံးမှ*

ကျရာကဏ္ဍာတစ်ခုမှပါဝင်နေသည့် တသွင်သွင်စီးဆင်းနေသော သံလွင်မြစ်ကြီးကို ဖြတ်ကျော်တည်ဆောက်ထားသည့် သံလွင်တံတား (မော်လမြိုင်)မှာ တည်ငြိမ်ခံ့ညားလှပလို့နေသည်။

ရထားနှင့်ကား

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရန်ကုန်-မော်လမြိုင်-မြိတ်-ကော့သောင်းလမ်းမကြီးပေါ်တွင်တည်ရှိသည့် သံလွင်တံတား (မော်လမြိုင်)ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၅ရက်က ဖွင့်လှစ်ပေးခဲ့သည်။ သံလွင်တံတား (မော်လမြိုင်)မှာ ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်း ယှဉ်တွဲပါရှိသော တံတားကြီးဖြစ်သည်။ ရထားလမ်းရော ကားလမ်းပါ တံတားသံပေါင်အတွင်း ထည့်သွင်းတည်ဆောက်ထားသည့် တံတားဖြစ်သည်။ အပေါ်ထည်မှာ သံမဏိသံပေါင်+သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်မှာ ကြိုတင်သွန်းလောင်း သံကူကွန်ကရစ်ပိုင်တိုင်နှင့် ဘိုးပိုင်အမျိုးအစားဖြစ်သည်။

တံတားအရှည်

တံတား၏ ယာဉ်သွားလမ်းအကျယ်မှာ ၂၈ပေရှိပြီး ရထားလမ်းအကျယ်မှာ ၁၄ပေရှိသည်။ တံတား၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ခြောက်ပေစီကျယ်သည့် လူသွားလမ်းပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၃၂၈ပေ နှင့် အမြင့် ၄၆ပေဖြစ်သည်။ ပင်မတံတားအရှည်မှာ ၇၆၉၉ပေရှိသည်။ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ပေ ရှည်ပြီး မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ပေရှိကာ စုစုပေါင်း ကားလမ်းတံတား၏ အရှည်မှာ ၁၁၅၇၅ပေရှိသည်။

ဖြတ်သန်းသွားလာ

ဤတံတားကြီး မတည်ဆောက်နိုင်မီအချိန်က ဆိုပါလျှင် ရန်ကုန်-သထုံဘက်မှဖြစ်စေ၊ ရေး-မော်လမြိုင်ဘက်မှဖြစ်စေ ခရီးသွားကြသူများသည် ဇက်ရေယာဉ်များ၊ ကူးတို့ရေယာဉ်များစီးကာ သံလွင်မြစ်ကို ဖြတ်ကူးကြရသည်။ စောင့်ဆိုင်းချိန်၊ မြစ်ကူးချိန်စသည့် အချိန်များကုန်ခဲ့ရသည့်အပြင် ပစ္စည်းများ တင်ရချရ၊ တစ်ဆင့်ပြောင်းရဖြင့် အချိန်ကုန်လူပန်း ဖြစ်ခဲ့ကြရသည်။ ယခုသံလွင်တံတား (မော်လမြိုင်) ဖွင့်လှစ်နိုင်ခဲ့၍ ယခင်က ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ အတိတ်မှာ ကျန်ရစ်ခဲ့ပြီဖြစ်ကာ လွယ်ကူချောမွေ့လျင်မြန်စွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်ပါကြောင်း သတင်းမှတ်စုအဖြစ် မှတ်တမ်းပြုလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"ပြိုင်ပွဲဝင်လူငယ်တွေ ကြိုးစားမှုနဲ့ အရည်အချင်းက အပြိုင်အဆိုင်ပါပဲ"

မောင်သစ်မင်း
ခေတ်အကြိုက်တေး
အဆိုအကဲဖြတ်ခေါင်းဆောင်။

✱ *ရှေ့ဖုံးမှ*

ပြိုင်ပွဲသီဆိုပြီး စင်မြင့်ပေါ်မှ ဆင်းလာသည်နှင့် မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်တော်က မွန်ပြည်နယ်ကိုယ်စားပြု အဆိုပြိုင်ပွဲဝင် မောင်စိုင်းတင့်လွင်ဦး ဖြစ်ပါတယ်။ ကျွန်တော် လေ့ကျင့်ကြိုးစားခဲ့သမျှ အကောင်းဆုံး သီဆိုနိုင်ခဲ့တာမို့ အားရကျေနပ်တယ်။ မနှစ်က ပြိုင်ပွဲမှာ ကြေးတံဆိပ်ပဲရရှိခဲ့တာမို့ ဒီနှစ်ပြိုင်ပွဲတော့ အမြင့်ဆုံးဆုရနိုင်ဖို့ မျှော်မှန်းနေပါတယ်"ဟု ပြောပြသည်။ ပြိုင်ပွဲဝင်လူငယ်များမှ ခေတ်အကြိုက်တေးကို အကောင်းဆုံးယှဉ်ပြိုင်နိုင်ကြပြီး အဆိုနည်းစနစ်ကျစွာ ယှဉ်ပြိုင်နိုင်သည်ကို တွေ့ရသည်။

"ခံစားမှုရှိရှိနဲ့ သရုပ်ဆောင်ခဲ့တာဆိုတော့ အားရပါတယ်"

ပြဇာတ်မင်းသမီး နှင်းနုဝေ
မကွေးတိုင်း။

ကွာခြားမှုမရှိ

ခေတ်အကြိုက် တေးအဆိုပြိုင်ပွဲဝင်များ တစ်ဦးပြီးတစ်ဦး တက်ရောက်ယှဉ်ပြိုင်မှုကို လေ့လာရာ ပြိုင်ပွဲဝင်များအားလုံး အရည်အချင်း ကွာခြားမှုမရှိကြောင်း တွေ့ရသည်။ ထို့ကြောင့် ခေတ်အကြိုက်တေး အဆိုအကဲဖြတ်ခေါင်းဆောင် မောင်သစ်မင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ပြိုင်ပွဲဝင်လူငယ်တွေ ကြိုးစားမှုနဲ့ အရည်အချင်းက အပြိုင်အဆိုင်ပါပဲ၊ ပင်ကိုပါရမီရှိကြတဲ့ လူငယ်တွေချည်းဖြစ်ပါတယ်။ အရင်နှစ်တွေကထက် အများကြီးတိုးတက်လာတယ်။ ဒါက ဝမ်းသာစရာပါ၊ ဒါပေမယ့် အတီးပံ့ပိုးပေးသူတွေရဲ့ လိုအပ်မှုကြောင့် အတိမ်းအစောင်း အလွဲအချော်လေးတွေရှိနေတာ တွေ့ရတယ်။ အရင်နှစ်ကထက်ပိုပြီး မြိုင်ဆိုင်လာတာတော့၊ တိုးတက်လာတာတော့ အမှန်ပါပဲ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထို့နောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကျင်းပရာ ပြိုင်ပွဲခန်းမများသို့ ဆက်လက်ထွက်ခွာခဲ့သည်။ အက ပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ ရောက်ရှိချိန်တွင် အခြေခံ(၁၀-၁၅)(ကျား) အကပြိုင်ပွဲကျင်းပနေရာ စင်မြင့်ထက်၌ ပြိုင်ပွဲဝင်ကလေးငယ်တစ်ဦး ယှဉ်ပြိုင်နေသည်ကို တွေ့ရသည်။ ခေါင်း၊ ခါး၊ ခြေ၊ လက် ညီညွတ်စွာ၊ ကကွက်ဆန်းများဖြင့် ပြိုင်ပွဲဝင်နေသည်မှာ အံ့သြဖွယ်ဖြစ်ရသည်။ ယှဉ်ပြိုင်မှုအပြီး စင်မြင့်ပေါ်မှ ဆင်းလာသည်နှင့် တွေ့ဆုံမေးမြန်းရာ "ကရင်ပြည်နယ်ကိုယ်စားပြု အကပြိုင်ပွဲဝင် စောသမော့ရှူး ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တာ ဒီနှစ်နဲ့ဆိုရင် တတိယအကြိမ် ရှိပါပြီ ရွှေတံဆိပ်တစ်ဆု ရရှိဖူးပါတယ်။ အခုလည်း

"ဇာတ်ဝင်ခန်းတိုင်းကို ခံစားမှုအပြည့်နဲ့ သရုပ်ဆောင်ခဲ့တာမို့ ကျေနပ်ပါတယ်"

ပြဇာတ်မင်းသား အောင်ကိုကိုမင်း
မကွေးတိုင်း။

စိတ်တိုင်းကျ ယှဉ်ပြိုင်နိုင်ခဲ့ပါတယ်။ ကျွန်တော်က နှစ်တိုင်းပြိုင်ပွဲဝင်ချင်တဲ့သူပါ"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။ အကပြိုင်ပွဲဝင်ကလေးငယ်များ အနုပညာပါရမီကောင်းပြီး ထူးချွန်ထက်မြက်ကြသူများဖြစ်ကြောင်း မြင်တွေ့ရသည်။

လေ့လာ

(၁၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် အောက်တိုဘာ ၂၀ ရက်၌ "သားကောင်းရတနာ"ပြဇာတ်ကို ကရင်ပြည်နယ်နှင့် မကွေးတိုင်းကိုယ်စားပြုအဖွဲ့များက ယှဉ်ပြိုင်ကြမည်ဖြစ်သဖြင့် မြန်မာ့အလင်းသတင်းအဖွဲ့ မကွေးတိုင်း ပြဇာတ်အဖွဲ့ကို စောင့်ကြည့်လေ့လာခဲ့သည်။

မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် ပြဇာတ်တာဝန်ခံ ဦးခင်မောင်သန်း၊ ဒါရိုက်တာစိန်ငွေးဝင်း (မော်ကွန်းသဘင်)၊ ပြဇာတ်မင်းသား အောင်ကိုကိုမင်း၊ ပြဇာတ်မင်းသမီး နှင်းနုဝေအပါဝင် စုစုပေါင်း ၃၀ ပါဝင်ဆင်နွှဲကြခြင်းဖြစ်သည်။

သရုပ်ဆောင်

မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့သည် ဇာတ်ဝင်ခန်း ၂၃ခန်းပါဝင်ပြီး မင်းသားအောင်ကိုကိုမင်းက တောခိုကျောင်းသား သီဟနိုင်အဖြစ်လည်းကောင်း၊ မင်းသမီးနှင်းနုဝေက ဒေါက်တာဖြူနုအဖြစ်လည်းကောင်း၊ မင်းသမီးလှရွှေစင်မင်းက သီဟနိုင်အမေအဖြစ် ပါဝင်သရုပ်ဆောင်ထားကြသည်။ မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့သည် ဇာတ်ဝင်ခန်းအတိုင်း အပိုအလိုမရှိ အံဝင်ခွင်ကျ သရုပ်ဆောင်နိုင်ကြပြီး ဟာသခန်းလေးများပါ ထည့်သွင်း

"အကောင်းဆုံး သီဆိုနိုင်ခဲ့တာမို့ အားရကျေနပ်ပါတယ်"

မောင်စိုင်းတင့်လွင်ဦး
ခေတ်အကြိုက်တေးပြိုင်ပွဲဝင်
မွန်ပြည်နယ်။

ထားရာ ပရိသတ်ပွဲကျအောင် ဆွဲဆောင်နိုင်ခဲ့သည်။ ဇာတ်ရှိန်အမြင့်ဆုံး အခန်းများမှာ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်နှင့် သီဟနိုင်တို့ အချီအချ အပြောအဆို သရုပ်ဆောင်ခန်းနှင့် သီဟနိုင် ကျန်းမာရေးမကောင်းသဖြင့် ဆေးကုသရန် ဖမ်းဆီးခေါ်ဆောင်လာသော ချစ်သူဒေါက်တာဖြူနုတို့ တောတွင်း၌ မမျှော်လင့်ဘဲ တွေ့ဆုံခန်းတို့ဖြစ်သည်။ ပရိသတ်ရင်ထဲ ထိထိခိုက်ခိုက်ဖြစ်အောင် စကားပြောမှုနှင့် သရုပ်ဆောင်မှုများက ပီပြင်လှသည်။ ပရိသတ်များ အားပေးလက်ခုပ်သံ တဖြောင်းဖြောင်းနှင့် အကြိုက်တွေ့လျက်ရှိသည်။

ပြဇာတ်ပြိုင်ပွဲအပြီး မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့တာဝန်ခံ ဦးခင်မောင်သန်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီပြဇာတ်က နိုင်ငံရေးအသိအမြင်လွဲမှားပြီး တောထဲရောက်သွားတဲ့ ကျောင်းသားလူငယ်တစ်ဦးဟာ တကယ့်လက်တွေ့ကျတော့ မှားမှန်းသိပြီး အလင်းပြန်ဝင်ကာ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေဆောင်ရွက်ဖို့ အသိတရားတွေရရှိသွားတဲ့ ဇာတ်လမ်းဖြစ်ပါတယ်။ ဘယ်အလွှာ၊ ဘယ်အဆင့်မှာပဲဖြစ်

"တိုင်းပြည်အကျိုးပြု လုပ်ငန်းတွေ ဆောင်ရွက်နိုင်ရင် သားကောင်းရတနာဖြစ်တယ်ဆိုတာ ပေါ်လွင်စေခြင်း ဖြစ်ပါတယ်"

ဦးခင်မောင်သန်း
ပြဇာတ်အဖွဲ့တာဝန်ခံ
မကွေးတိုင်း။

ဖြစ် တိုင်းပြည် အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရင် သားကောင်းရတနာ ဖြစ်တယ်ဆိုတာ ပေါ်လွင်စေချင်တာပါ"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အားရ

တစ်ဖန် ပြဇာတ်မင်းသား အောင်ကိုကိုမင်း(သီဟနိုင်)ကလည်း "ဒီပြဇာတ်မှာ ကျွန်တော့်ချစ်သူ ဒေါက်တာဖြူနုနဲ့ မမျှော်လင့်ဘဲ ဆုံတွေ့ရတဲ့ဇာတ်ဝင်ခန်း သရုပ်ဆောင်မှုက အားအရဆုံးပါပဲ၊ ဇာတ်ဝင်ခန်းတိုင်းကို ခံစားမှုအပြည့်နဲ့ သရုပ်ဆောင်ခဲ့တာမို့ ကျေနပ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြသည်။

ထို့နောက် ပြဇာတ်မင်းသမီး နှင်းနုဝေ(ဒေါက်တာဖြူနု)ကလည်း "ဇာတ်ဝင်ခန်းတိုင်းမှာ ရင်ထဲခံစားမှုရှိရှိနဲ့ သရုပ်ဆောင်ခဲ့တာဆိုတော့ အားရပါတယ်။ လေ့ကျင့်မှု အကြိမ်ကြိမ်ပြုလုပ်ခဲ့လို့ အမှားအယွင်းမရှိအောင် အားလုံးသရုပ်ဆောင်ခဲ့ကြတာဆိုတော့ ဆုရရှိမယ်လို့ မျှော်မှန်းထားပါတယ်"ဟု ပြောပြသည်။

မကွေးတိုင်းကိုယ်စားပြု ပြဇာတ်အဖွဲ့ ယှဉ်ပြိုင်မှုအပြီး ပြိုင်ပွဲခန်းမမှ ခေတ္တတည်းခိုရာ နေပြည်တော်တပ်ကုန်းသို့ ပြန်လည်ထွက်ခွာခဲ့သည်။ အပြန်လမ်းတစ်လျှောက် အမှောင်ဖုံးလွှမ်းပြီး ညအချိန်ရောက်ခဲ့ပြီ။ မှန်ကန်သော အသိစိတ်ကို လူငယ်များစိတ်ထဲ ကိန်းအောင်းစေရန် စွမ်းဆောင်နိုင်သော 'သားကောင်းရတနာ' ပြဇာတ် တင်ဆက်မှုများက (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဂုဏ်ဒြပ်ကို ထင်ဟပ်စေခဲ့ပြီဟု တွေးမိရင်း....။ ။ **(မြန်မာ့အလင်း)**

ဘယ်အဆင့်မှာပဲဖြစ်ဖြစ် တိုင်းပြည်အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရင် သားကောင်းရတနာ ဖြစ်တယ်ဆိုတာ ပေါ်လွင်စေချင်တာပါ။

အီယန်ခမာ ဘော့ဆွာနာသမ္မတအဖြစ် သက်တမ်းထပ်မံရွေးချယ်ခံရ

ဂါဘိုရွန် အောက်တိုဘာ ၂၀

ဘော့ဆွာနာသမ္မတ အီယန်ခမာ၏ ဘော့ဆွာနာ ဒီမိုကရက်ပါတီ(ဘီဒီပီ)သည် ပါလီမန်ရွေးကောက်ပွဲ၌ အပြတ်အသတ် အနိုင်ရရှိပြီးနောက် သမ္မတအီယန်ခမာသည် အောက်တိုဘာ ၁၈ရက်တွင် နောက်ထပ် သက်တမ်း ဆက်လက်ထမ်းဆောင်ခွင့်ရရှိသွားသည်။

အနိုင်ရရှိ

ဘီဒီပီပါတီသည် ၁၉၆၆ခုနှစ်တွင် လွတ်လပ်ရေး ရပြီးနောက် အင်အားအကြီးမားဆုံး အာဏာရပါတီဖြစ်ပြီး ရွေးကောက်ပွဲ၌ အမတ် ၅၇နေရာရှိသည့်အနက် ၄၅နေရာအနိုင်ရရှိကြောင်း သိရသည်။ ဘော့ဆွာနာနိုင်ငံသည် ကမ္ဘာပေါ်တွင် စိန်အများဆုံး ထွက်ရှိသော နိုင်ငံဖြစ်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ ဒူဘိုင်းမြို့၌ ကျင်းပသည့် နည်းပညာပြပွဲအတွင်း လှည့်လာနေကြသူများကို အောက်တိုဘာ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗီယက်နမ်၏စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ယခုနှစ်အတွင်း မြင့်တက်လာ

ဟနွိုင်း အောက်တိုဘာ ၂၀

ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ပြီးခဲ့သည့်နှစ်ထက် ၁၇ ရာခိုင်နှုန်းမြင့်တက်လာပြီး ယခုနှစ်တွင် ဗီယက်နမ် ဒေါ်င် ၇၁၅ထရီလီယံအထိရှိမည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းဝန်ကြီးဌာန၏ ကြေညာချက်ကို ဗီယက်နမ်နယူးစ် သတင်းစာက အောက်တိုဘာ ၁၉ရက်၌ ဖော်ပြလိုက်သည်။

ခန့်မှန်းထား

လာမည့်နှစ်တွင် ဗီယက်နမ်နိုင်ငံ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ဗီယက်နမ် ဒေါ်င်ထရီလီယံ ၈၀၀အထိရှိလာလိမ့်မည်ဟုလည်း ယင်းဝန်ကြီးဌာနက ခန့်မှန်းထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆာမိုအာ၌ အင်အားပြင်း ငလျင်လှုပ်

ဆာမိုအာ အောက်တိုဘာ ၂၀

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဆာမိုအာ ကျွန်းနိုင်ငံ၌ အောက်တိုဘာ၁၉ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ ငလျင်လှုပ်သွားခဲ့ကြောင်း အမေရိကန် ငလျင်တိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။

သတိပေး

ဆာမိုအာနိုင်ငံမြို့တော် အေပီယာမြို့မှ အနောက်တောင်ဘက်ကီလိုမီတာ ၁၇၀ အကွာ၊ မြေအောက် ၁၀ကီလိုမီတာကို ဗဟိုပြု လှုပ်ခတ်သွားခြင်းဖြစ်ကြောင်း၊ ဆူနာမီ သတိပေးချက်များ ထွက်ပေါ်လာခြင်း မရှိကြောင်း သိရသည်။ (အင်တာနက်)

တရုတ် မြေငလျင်တိုင်းတာရေးစခန်း ကမ္ဘာ့အမြင့်ဆုံးနေရာရှိတောင်၌ တည်ဆောက်

ဆင်ဂါ(တိဗက်) အောက်တိုဘာ ၂၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တီကရင်စီရင်စု ဆင်ဂါဒေသရှိ ကမ္ဘာ့အမြင့်ဆုံးနေရာရှိ ကွမ်မိုလောင်မာတောင်၌ ငလျင်တိုင်းတာရေးစခန်း အဆောက်အအုံတည်ဆောက်လျက်ရှိကြောင်း အောက်တိုဘာ ၁၉ရက်တွင် ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပထမဆုံး

အဆိုပါ အဆောက်အအုံသည် ပင်လယ်ရေမျက်နှာပြင်အထက် ၄၂၅၅မီတာအမြင့်တွင်ရှိပြီး ဆင်ဂါဒေသတောင်ပိုင်း၌ ပထမဆုံး တည်ဆောက်သည့် ငလျင်တိုင်းတာရေးစခန်းဖြစ်သည်။

ကြိုတင်ကာကွယ်

ယင်းဒေသသည် ငလျင်မကြာခဏ လှုပ်လေ့ရှိရာမှ တရုတ်နှင့်နီပေါ နှစ်နိုင်ငံနယ်စပ်ဒေသရှိ ငလျင်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

ရင်းနှီးမြှုပ်နှံ

ကွမ်မိုလောင်မာတောင်သည် တရုတ်-နီပေါနယ်စပ်တွင်ရှိပြီး တောင်အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၈၈၄၄မီတာအမြင့်ရှိသည်။ ယင်းငလျင် တိုင်းတာရေးစခန်းကို တရုတ်ယွမ်ငွေတစ်သန်း (အမေရိကန်ဒေါ်လာ ၁၄၀၀၀၀) ရင်းနှီးမြှုပ်နှံကာ ယခုနှစ်ဖွန်လမှ စတင်တည်ဆောက်နေပြီဖြစ်သည်။

တရုတ်၌ ဒုတိယအမြင့်ဆုံးဖြစ်၍ ရှန်ဂုအထူးဒေသရှိ ငလျင်စခန်းမှာ အမြင့်မီတာ ၅၀၀၀ရှိပြီး အမြင့်ဆုံးငလျင်စခန်းမှာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလက တည်ဆောက်ပြီးစီးခဲ့သည်။ **(အင်တာနက်)**

ငလျင်တိုင်းတာရေးစခန်း

တရုတ်နိုင်ငံ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တီကရင်စီရင်စု၌ တည်ဆောက်လျက်ရှိသည့် ငလျင်တိုင်းတာရေးစခန်းကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တိမ်းမှောက်

ကင်မရွန်းနိုင်ငံ ရာအွန်ဒီမြို့၌ ရေနံတင်ရထား တိမ်းမှောက်ပြီးနောက် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုလ်းမြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကျင်းပသည့် နိုင်ငံတကာ အာကာသယာဉ်နှင့် ကာကွယ်ရေး ပစ္စည်းပြပွဲတွင် ပြသထားသည့် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်တစ်စင်းကို အောက်တိုဘာ ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ပြန်လည်စတင်ရန် တိုက်တွန်း

ဒမတ်စကတ် အောက်တိုဘာ ၂၀

ရပ်ဆိုင်းထားခဲ့သော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတကာအသိုင်းအဝိုင်း၏ အကူအညီဖြင့် ပြန်လည်စတင်ရန် ကြိုးပမ်းသင့်ကြောင်း ဆီးရီးယားနှင့်ရုရှားသံအမတ်ကြီးများက အောက်တိုဘာ ၁၈ရက်တွင် တိုက်တွန်းလိုက်သည်။

ထုတ်ဖော်ပြောကြား

အရှေ့အလယ်ပိုင်းဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ ရောက်ရှိလာသော ရုရှားအထူးသံအမတ်ကြီး အလက်ဇန္ဒြားဆေတန်နော့ဗ်နှင့် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှု

ထို့ပြင် ရုရှားနှင့်ဆီးရီးယားအစိုးရတို့ကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများအပေါ် ကျေနပ်အားရမိကြောင်းနှင့် မဝေးတော့သည့်အနာဂတ်တွင် စီးပွားရေးနှင့်နည်းပညာပိုင်း ပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ကဏ္ဍသစ်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း ရုရှားအထူးသံအမတ်ကြီး ဆေတန်နော့ဗ်က ပြောကြားသည်။ **(အင်တာနက်)**

မက္ကဆီကို၌ ရာသီဥတုဆိုးရွားမှု ဆိပ်ကမ်းရှစ်ခုပိတ်

မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၀

မက္ကဆီကိုနိုင်ငံ၌ လေပြင်းများ တိုက်ခတ်လျက်ရှိပြီး ပင်လယ်လှိုင်းလုံးကြီးများ မြင့်တက်လာခြင်းကြောင့် မက္ကဆီကိုနိုင်ငံ၏ အဓိကဆိပ်ကမ်းမြို့ရှစ်မြို့ကို ပိတ်ထားရကြောင်း မက္ကဆီကိုဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

ပိတ်ထား

မက္ကဆီကိုနိုင်ငံရှိ ရေနံတင်ဆိပ်ကမ်းမြို့များဖြစ်သော ကိုအာတီဇာကိုအယ်ကို့စ်၊ ကာရီအာကက်စ်၊ ဖရွန်တီယာ၊ အစွလာဒဲလ်ကာမင်နှင့် ဒို့စ်ဘိုကတ်စ်မြို့များအပါအဝင် စီးပွားရေးဆိပ်ကမ်းမြို့များဖြစ်သည့် တမ်ပစ်ကို၊ အယ်လ်တာမီရာနှင့် တုဇ်ပန်မြို့များကို ပိတ်ထားခဲ့ရသည်။

(အင်တာနက်)

ကမ္ဘာ့ လူမှောင်ခို လုပ်ငန်းကြီးထွားလာ ကုလသမဂ္ဂ အစီရင်ခံစာ၌ ဖော်ပြ

ဗီယင်နာ အောက်တိုဘာ ၂၀

လူမှောင်ခိုလုပ်ငန်းမှာ ကမ္ဘာတစ်ဝန်း ပိုမိုဆိုးရွားလာပြီး ကြီးထွားလာကြောင်း ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာရုံး (ယူအင်န်အိုဒီစီ)က ဥရောပသမဂ္ဂ(အီးယူ) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

ဖော်ပြထား

ကမ္ဘာတစ်ဝန်း လူမှောင်ခိုကူးခံရသူပေါင်း ၂ ဒသမ ၇သန်းရှိကြောင်း၊ ၎င်းတို့မှာ လိင်ကျေးကျွန်လုပ်ငန်း၊ သူဖုန်းစားလုပ်ငန်း၊ အလုပ်ကြမ်းလုပ်ငန်းတို့တွင် လုပ်ကိုင်ရသူများအဖြစ် ရောက်ရှိသွားကြောင်း၊ ယင်းတို့အထဲတွင် ကလေး ၁ ဒသမ ၂သန်းပါဝင်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

သိရ

လက်ရှိအခြေအနေတွင် လူမှောင်ခိုကူးမှုလုပ်ငန်းမှ နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံအကျိုးအမြတ်ရရှိနေသည်။ဥရောပတွင် လူမှောင်ခိုကူးခံရသူများအနက် အများစုမှာ အမျိုးသမီးငယ်များဖြစ်ကြောင်း ၁၀ရာခိုင်နှုန်းမှာ ကလေးသူငယ်များဖြစ်ကြောင်းသိရသည်။ ***အမ်အင်န်အေ၊ ဆင်ဟွာ***

21-10 (04).pmd 1 10/20/2009, 2:36 PM

အာကာသသိပ္ပံသတင်းသုတ အာကာသသိပ္ပံသတင်းသုတ အာကာသသိပ္ပံသတင်းသုတ အာကာသသိပ္ပံသတင်းသုတ

မြင့်မောင်စိုး-စုစည်းသည်

နေစကြဝဠာအဖွဲ့အစည်း၏ အပြင်ဘက်တွင် ဂြိုဟ်သစ် ၃၂လုံး သိပ္ပံပညာရှင်များစူးစမ်းလေ့လာတွေ့ရှိ

ပါရီ အောက်တိုဘာ ၂၀

ကျွန်ုပ်တို့နေစကြဝဠာအဖွဲ့အစည်း၏ အပြင်ဘက်၌ ဂြိုဟ်သစ် ၃၂လုံး တွေ့ရှိထားပြီဖြစ်ကြောင်း ဥရောပနက္ခတ္တဗေဒ သိပ္ပံပညာရှင်များက အောက်တိုဘာ ၁၉ ရက်တွင် ကြေညာသည်။

အဆိုပါဂြိုဟ်သစ်များကို ဥရောပ တောင်ပိုင်း ချီလီနိုင်ငံရှိ လာစီလာ နက္ခတ်တာရာ စူးစမ်းလေ့လာရေးစခန်းမှ အလွန်အားကောင်းသော အဝေးကြည့် မှန်ပြောင်းကို အသုံးပြုပြီး စူးစမ်းလေ့လာစဉ် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းအာကာသအဝေးကြည့်မှန်ပြောင်းကြီးသည် အရှည်၃ဒသမ ၆မီတာရှိသည်ဟု ဆို၏။

ယင်းဂြိုဟ်သစ်များ တွေ့ရှိခဲ့မှုကြောင့် သိပ္ပံပညာရှင်များ လေ့လာတွေ့ရှိချက်အရ ကျွန်ုပ်တို့နေအဖွဲ့အစည်း အပြင်ဘက်တွင် စုစုပေါင်းဂြိုဟ်အလုံးပေါင်း ၄၀၀ကျော်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ထိုတွေ့ရှိခဲ့သည့် ဂြိုဟ်ကြီး ၃၂လုံးအနက် ခြောက်လုံးမှာ လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်ထက်ပင် ပို၍ကြီးမားကြောင်း၊အချို့သောဂြိုဟ်များမှာ ဂျူပီတာဂြိုဟ်ထက်ပင် ကြီးမားကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ပြောကြား

သို့သော် တွေ့ရှိထားသည့်ဂြိုဟ်များ အနက် နှစ်လုံးမှာ ကမ္ဘာဂြိုဟ်ထက် ပို၍ ငယ်ပြီး ဂျူပီတာဂြိုဟ်ထက် ငါးဆပိုငယ်သည်ဟုဆိုသည်။ ယင်းဂြိုဟ်များတွင် ကြယ်တာရာများ ရာပေါင်းများစွာ ဝိုင်းရံလျက်ရှိသည်ကို လေ့လာတွေ့ရှိခဲ့ရကြောင်း ဂျိနီဗာတက္ကသိုလ်မှ နက္ခတ္တဗေဒ သိပ္ပံပညာရှင် စတီဖိန်ယူဒရိုင်းက ပြောကြားသည်။

သဘာဝချင်း

စကြဝဠာအတွင်း၌ ကမ္ဘာဂြိုဟ်နှင့်တူသော ဂြိုဟ်များ အများအပြားရှိနိုင်ကြောင်း၊ သို့သော် ဖွဲ့စည်းတည်ရှိမှု သဘာဝချင်း မတူနိုင်ကြောင်း ယူဒရိုင်းက ပေါ်တူဂီနိုင်ငံ၌ကျင်းပသော အာကာသဆိုင်ရာ သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ချီလီနိုင်ငံရှိ လာစီလာ နက္ခတ်တာရာ လေ့လာရေးစခန်းကို ဤသို့တွေ့ရသည်။ (အင်တာနက် ဓာတ်ပုံ)



နေစကြဝဠာအဖွဲ့အစည်းအပြင်ဘက်တွင် သိပ္ပံပညာရှင်များတွေ့ရှိရသော ဂြိုဟ်များ။ (အင်တာနက် ဓာတ်ပုံ)

ကြီးမား

တွေ့ရှိခဲ့သည့် ဂြိုဟ်များအနက် ကမ္ဘာဂြိုဟ်၏ အရွယ်အစားနှင့် ညီမျှသည့် တစ်ခုသောဂြိုဟ်ကြီးတွင် နေကဲ့သို့ ကြယ်တာရာများက ထူးခြားစွာ လှည့်ပတ်နေသည်ဟု ဆိုသည်။ ယင်းဂြိုဟ်ကြီးအနီးတွင် ဂျူပီတာဂြိုဟ်ထက်ကြီးသော ဂြိုဟ်ကြီးတစ်လုံးလည်း ရှိသည်။ ဂျူပီတာဂြိုဟ်၏ ထုထည်ပမာဏသည် လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်ထက် အဆပေါင်း ၃၀၀ ကျော် ပိုမိုကြီးမားသည်ဟု ဆို၏။

လေ့လာတွေ့ရှိရ

ချီလီနိုင်ငံ အခြေစိုက် အဆိုပါ အာကာသစူးစမ်းလေ့လာရေးအဖွဲ့က ငါးနှစ်ကြာအစီအစဉ်ဖြင့် အာကာသအတွင်းရှိ ဂြိုဟ်များကိုစူးစမ်းလေ့လာခဲ့ရာ ယင်းကာလအတွင်း နေအဖွဲ့အစည်းအပြင်ဘက်၌ စုစုပေါင်းဂြိုဟ် ၇၅လုံး လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။ **ကိုးကား-အင်တာနက်**

အဆိုပါ ဂြိုဟ်သစ်များကို ဥရောပတောင်ပိုင်း ချီလီနိုင်ငံရှိ လာစီလာနက္ခတ်တာရာ စူးစမ်းလေ့လာရေးစခန်းမှ အလွန်အားကောင်းသော အဝေးကြည့်မှန်ပြောင်းကို အသုံးပြုပြီး စူးစမ်းလေ့လာစဉ် တွေ့ရှိခဲ့ခြင်းဖြစ်။

အကြီးဆုံးဂြိုဟ်ဂျူပီတာ

နာဆာ အောက်တိုဘာ ၂၀

ဂျူပီတာဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်းရှိ ပဉ္စမမြောက်ဂြိုဟ်ဖြစ်ပြီး အကြီးမားဆုံးသောဂြိုဟ်ကြီးလည်း ဖြစ်သည်။

ယင်းဂြိုဟ်ကြီးတစ်ခုလုံး ဓာတ်ငွေ့များဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ အများစုမှာ ဟိုက်ဒရိုဂျင်နှင့် ဟီလီယံဓာတ်ငွေ့များဖြစ်သည်။ ယင်းဂြိုဟ်ကြီးကို ဂြိုဟ်နီကြီးဟုလည်းခေါ်ကြသည်။

ဂြိုဟ်နီကြီးသည် လူသားများနေထိုင်ရာ ကမ္ဘာဂြိုဟ်ထက် အဆပေါင်း ၃၁၀ပိုမိုကြီးမားသည်။ ယင်းဂြိုဟ်ကြီးသည် နေမှ ကီလိုမီတာ သန်းပေါင်း ၇၅၀အကွာအဝေးတွင် တည်ရှိပြီး နေကို လှည့်ပတ်နေသော ဂြိုဟ်ဖြစ်သည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ဗျူနိုအေရီစ်မြို့၌ ယာဉ်တိုက်မှု ရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

အာဂျင်တီးနားနိုင်ငံ မြို့တော် ဗျူနိုအေရီစ်တွင် အောက်တိုဘာ ၁၉ရက်က ဘတ်စ်ကားတစ်စီးကို ရဲကားတစ်စီးက ဝင်တိုက်ရာမှ အရပ်သားရှစ်ဦးထက်မနည်းသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က ကြေညာသည်။ ရဲကားတစ်စီးက အရှိန်ပြင်းစွာမောင်းနှင်လာပြီး မီးနီကိုကျော်ဖြတ်ကာ ဘတ်စ်ကားနှင့်ဝင်တိုက်မိရာမှ ယင်းကဲ့သို့ သေကျေဒဏ်ရာရရှိသွားကြခြင်းဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီကိုယ်စားလှယ်အဖွဲ့ သုံးနိုင်ငံခရီး ပေကျင်းမှထွက်ခွာသွားကြ

တရုတ်ကွန်မြူနစ်ပါတီ ကင်ဟိုင်းပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး ကိုင်ဝေ ဦးဆောင်သော တရုတ်ကွန်မြူနစ်ပါတီ(စီပီစီ)ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ စင်ကာပူအာဏာရ ပြည်သူ့အက်ရှင်ပါတီနှင့် မလေးရှား-တရုတ်အသင်းတို့၏ ဖိတ်ကြားချက်အရ ဂျပန်၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့သို့ အောက်တိုဘာ ၂၀ ရက် နံနက်က ပေကျင်းမြို့မှ ထွက်ခွာသွားသည်။

ကင်ညာနိုင်ငံ ကီယင်ဘူမြို့၌ အဆောက်အအုံသစ်ပြိုကျ အနည်းဆုံး ၃၅ဦး ပိတ်ပိနေဆဲဖြစ်

ကင်ညာနိုင်ငံ ကီယင်ဘူမြို့၌ အောက်တိုဘာ ၂၀ရက် နေ့လယ်စာစားချိန်၌ အဆောက်အအုံတစ်ခုပြိုကျရာ ထိုအဆောက်အအုံတွင် လူ ၃၅ဦး ပိနေဆဲဖြစ်သည်ဟု ယူဆရကြောင်း ကင်ညာသတင်းဌာနက သတင်းဖော်ပြသည်။ ပြိုကျသည့် အဆောက်အအုံမှာ အထပ်ငါးထပ်ရှိပြီး ဆောက်လက်စတိုက်ဖြစ်သည်ဟု ဆက်လက်ဖော်ပြထားသည်။

(အောက်ပုံ)

ဖိလစ်ပိုင်တောင်ပိုင်းရှိ အစိုးရအဆောက်အအုံအတွင်း ဗုံးပေါက်ကွဲ၍ နှစ်ဦးသေဆုံး၊ ၁၂ဦးဒဏ်ရာရခဲ့

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ အစိုးရအဆောက်အအုံတစ်ခုအတွင်း အောက်တိုဘာ ၂၀ရက်က ဗုံးတစ်လုံးပေါက်ကွဲသဖြင့် နှစ်ဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိသွားကြောင်း ဖိလစ်ပိုင်အစိုးရအရာရှိများက ပြောကြားသည်။ သေဆုံးသူများမှာ အစိုးရဝန်ထမ်းများဖြစ်ကြကြောင်းလည်း သတင်းရရှိသည်။

A(H1N1) တရုတ်၌ တစ်ကျော့ပြန်ခေါင်းထောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် A(H1N1)တုပ်ကွေးရောဂါ ဒုတိယအကြိမ် တစ်ကျော့ပြန်ခေါင်းထောင်လာသည်ဟု ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနရှိ ကူးစက်ရောဂါကာကွယ်ရေးအကြီးအကဲ ဇင်ကွန်ကပြောကြားသည်။ A(H1N1) ရောဂါဖြင့် သေဆုံးသူများတွင် အသက်၁၈နှစ်အရွယ်အမျိုးသမီးတစ်ဦးနှင့် ၄၃နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ပါဝင်ကြောင်း သိရသည်။

ဇင်ဘာဘွေ၌ ဝမ်းရောဂါ ထပ်မံဖြစ်ပွား၊ လူငါးဦးသေဆုံး လွန်ခဲ့သည့်နှစ်က ၄၀၀၀ ကျော်ရှိခဲ့

ဇင်ဘာဘွေနိုင်ငံတွင် ကာလဝမ်းရောဂါနောက်ထပ်ဖြစ်ပွားလာပြန်သဖြင့် လူငါးဦးသေဆုံးသွားကြောင်း၊ လွန်ခဲ့သည့်နှစ်တွင် ဇင်ဘာဘွေနိုင်ငံ၌ ကာလဝမ်းရောဂါကြောင့် သေဆုံးသူဦးရေ ၄၀၀၀ကျော်ရှိခဲ့ကြောင်း ဇင်ဘာဘွေမီဒီယာများက ဖော်ပြသည်။

21-10 (05).pmd 1 10/20/2009, 2:36 PM

ခန္တီးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် အောက်တိုဘာ ၈ရက်က ခန္တီးမြို့ရှိ ခရိုင်အစည်းအဝေးခန်းမ၌ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌများက မိမိတို့ မြို့နယ်အလိုက် ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး ခရိုင်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးက ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး လူမှုရေး အသင်းအဖွဲ့ဝတ်စုံများနှင့် အားကစားပစ္စည်းများကို ပေးအပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ခန္တီးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က သူနာပြုသင်တန်းသူများအား ဝတ်စုံများနှင့် ဆေးပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် ခန္တီးမြို့နယ်မြေခံတပ်ရင်း စပါးစိုက်ကွင်းတွင် ကျင်းပသော မိုးစပါးစုပေါင်းပေါင်းနုတ်တမန်းနှိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေး၍ စပါးခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ခန္တီးမြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသော တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းကျောင်းအတွက် အားကစားပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ခန္တီးမြို့နယ်မြေခံတပ်ရင်းခန်းမတွင် ကျင်းပသော တပ်နယ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူတို့က အားကစားပစ္စည်းများနှင့် အနွေးထည်များကို ပေးအပ်ကာ တိုင်းမှူးသည် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့် ပြည့်စုံစွာဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၃ရက်က အမှတ်(၆)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ကြည်ကြည်ညွန့်က ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ဥရောပသမဂ္ဂ အလှည့်ကျဥက္ကဋ္ဌနှင့်သံအမတ်ကြီးများ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးအား ဂျပန်နိုင်ငံ The Sasakawa Peace Foundation ဥက္ကဋ္ဌ Dr. Akinori Seki သည် အောက်တိုဘာ ၁၆ရက် မွန်းလွဲ ၂နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ဂျပန်နိုင်ငံ The Sasakawa Peace Foundation ဥက္ကဋ္ဌက ဖောင်ဒေးရှင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအကြောင်းကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအကြောင်းကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့အတူ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအားဥရောပသမဂ္ဂ(EU)အလှည့်ကျဥက္ကဋ္ဌ ထိုင်းနိုင်ငံ အခြေစိုက် ဆွီဒင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Lennart Linner ဦးဆောင်သည့် ထိုင်းနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂ သံအမတ်ကြီးများနှင့် မြန်မာနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂ သံအမတ်ကြီးများ ပါဝင်သည့်အဖွဲ့သည် ညနေ၃နာရီတွင် အဆိုပါ ဌာနချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ကျေးလက်ဖွံ့ဖြိုးရေး

ထိုသို့ တွေ့ဆုံရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင်းကြီးက ပါဝင်ဆောင်ရွက်မှုအခြေအနေနှင့် နိုင်ငံတော်၏ ပကတိ အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်ဥရောပသမဂ္ဂ အလှည့်ကျဥက္ကဋ္ဌနှင့် သံအမတ်ကြီးများက သိလိုသည်များကိုမေးမြန်းကြရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြန်လည်ရှင်းလင်းပြောကြားသည်။

အလားတူ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ထိုင်းနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. David Lipman နှင့်အဖွဲ့သည် ညနေ ၅နာရီတွင် အဆိုပါဌာနချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲများသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်း၊ ဌာနချုပ်ရုံး ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယာဉ်မတော်တဆဖြစ်ပွားမှု မရှိစေရေး မွန်ပြည်နယ်၌ မော်တော်ယာဉ်များကြံ့ခိုင်မှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း၌ ပြေးဆွဲနေသော ခရီးသည်တင် မော်တော်ယာဉ်များ၊ ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ပေါင်နှင့် မော်လမြိုင်မြို့နယ်တို့သို့ ပြေးဆွဲနေသော ခရီးသည်တင် မော်တော်ယာဉ်များနှင့် ကုန်တင်မော်တော်ယာဉ်များကို ခရီးသွားပြည်သူများ ယာဉ်မတော်တဆဖြစ်ပွားမှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးမိုးမြင့် ဦးဆောင်သောအဖွဲ့နှင့် ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အတွင်းရေးမှူး ဦးမောင်ချစ်တို့ ဦးဆောင်သော အဖွဲ့သည် စက်တင်ဘာ ၂၆ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှုကို ရှောင်တခင်စစ်ဆေးမှုများ ပြုလုပ်ကြသည်။

ထိုသို့စစ်ဆေးမှုများ ပြုလုပ်ရာတွင် စက်ပိုင်းဆိုင်ရာ၊ ဘရိတ်ပိုင်းဆိုင်ရာ၊ ဂီယာပိုင်းဆိုင်ရာနှင့် ဘော်ဒီပိုင်းဆိုင်ရာများကို စနစ်တကျစစ်ဆေးကြသည်။ အလားတူ အဆိုပါပူးပေါင်းအဖွဲ့တို့သည် မော်လမြိုင်မြို့တွင်း၌ ပြေးဆွဲနေသော ခရီးသည်တင် မော်တော်ယာဉ်များကို လည်းကောင်း၊ ရန်ကုန်မြို့မှ မော်လမြိုင်မြို့အဝင် ခရီးသည်တင်မော်တော်ယာဉ်များကိုလည်းကောင်း၊ မော်လမြိုင်၊ ရေး၊ ဘားအံနှင့်ကျိုက္ခမီမြို့များသို့ ပြေးဆွဲနေသော ခရီးသည်တင် မော်တော်ယာဉ်များကိုလည်းကောင်း စနစ်တကျ စစ်ဆေးမှုများပြုလုပ်ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**

စာအုပ်စာစောင် လှူဒါန်းခြင်းနှင့် စာငှားစနစ်ရှင်သန်ရေး ဆွေးနွေး

နေပြည်တော်ပျဉ်းမနား အောက်တိုဘာ ၂၀

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းခြင်းနှင့် စာငှားစနစ်ရှင်သန်ရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၀ရက် နံနက် ၉နာရီက နေပြည်တော်ပျဉ်းမနားမြို့နယ် ကွမ်းခြံစုကျေးရွာ စာပန်းခင်းစာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ဦးစီးအရာရှိများ၊ မြို့နယ်ဦးစီးမှူးဒေါ်အေးအေးခိုင်၊ ကွမ်းခြံစု၊ အောင်ချမ်းသာနှင့် သဲကျွန်းကျေးရွာများမှဥက္ကဋ္ဌများနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များ တက်ရောက်ကြပြီး စာအုပ်စာစောင်များလှူဒါန်းခြင်းနှင့် စာငှားစနစ် ရှင်သန်ခိုင်မာရေးတို့ကို ဆွေးနွေးကြကာ ညွှန်ကြားရေးမှူးက ကျေးရွာခုနစ်ရွာသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ လစဉ်ဂျာနယ်နှင့်စာစောင် အလှူရှင်ဦးရဲဆွေက စာပန်းခင်းစာကြည့်တိုက်အတွက် ဂျာနယ်နှင့်စာစောင်များ ပေးအပ်လှူဒါန်းသည်။

နေပြည်တော်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းလိုပါက နေပြည်တော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ဆောင်ရွက်လျက်ရှိသည့် မုံရွာမြို့ ဘူတာရုံလမ်းနှင့် ဘုရင့်နောင်လမ်းဆုံရှိ လမ်းနှင့်တံတား တိုးချဲ့မှုကို အမှုဆောင်အရာရှိ ဦးစိုးညွန့် ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဒေါ်မိမိလှိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်ယူနိုက်တက်အသင်း စာနယ်ဇင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန် ယူနိုက်တက်အသင်း၏ Exclusive Membership Program နှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ၁၅ရက် မွန်းလွဲ၂နာရီက Espace Avenir အဆောက်အအုံ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

တက်ရောက်

အဆိုပါ စာနယ်ဇင်းရှင်းလင်းပွဲသို့ ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းသတင်းဂျာနယ်များနှင့်အားကစားဂျာနယ်များမှတာဝန်ခံများ တက်ရောက်ခဲ့ကြသည်။ ရှေးဦးစွာ ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌဦးပြည့်ဖြိုးတေဇက အဖွင့်အမှာစကားပြောကြားပြီး YUFC Exclusive Member Club ဖွဲ့စည်းတည်ထောင်ခြင်းနှင့် ပတ်သက်၍ မိတ်ဆက်ပြောကြားသွားသည်။ ဆက်လက်၍ အသင်း၏အထွေထွေမန်နေဂျာဦးသက်ညီညီဇော်က YUFC Exclusive Membership Program နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

အရစ်ကျ

ရန်ကုန်ယူနိုက်တက်အသင်း ဖွဲ့စည်းသွားမည့် YUFC Exclusive Member Club သို့ ဝင်ရောက်လိုသူများအနေဖြင့် နှစ်စဉ်ကြေး ကျပ်တစ်သိန်းပေးသွင်းရမည်ဖြစ်ကာ ငွေကြေးအခက်အခဲရှိသူများအတွက် နှစ်ကြိမ်ခွဲ၍ အရစ်ကျပေးသွင်းနိုင်ရန် စီစဉ်ပေးသွားမည်ဟု သိရသည်။

အဆိုပါ အသင်းဝင်များအတွက် အသင်းဂျာစီတစ်ထည်စီနှင့် ရန်ကုန်ယူနိုက်တက် မဂ္ဂဇင်း၊ ပွဲကြည့်လက်မှတ် စသည်တို့ စီစဉ်ပေးမည်ဖြစ်ကာ လစဉ်ကျင်းပသွားမည့် ကံစမ်းမဲအစီအစဉ်များတွင်လည်း ပါဝင်ကံစမ်းခွင့် ရှိမည်ဖြစ်သည်။ ၎င်းကံစမ်းမဲအစီအစဉ်ကိုမူ အသင်းဝင်ဦးရေ ၁၀၀ ပြည့်သည်နှင့် စတင်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အသင်းဝင်များအနေဖြင့် Exclusive Member Club တွင် ပံ့ပိုးကူညီထားသည့် Main Sponsor နှင့် Co-Sponsor များမှ ဖွင့်လှစ်ထားသော Hotel များ၊ စားသောက်ဆိုင်များ၊ အလှကုန်ပစ္စည်းနှင့် ဖက်ရှင်ပစ္စည်း အရောင်းဆိုင်များ၌ အထူးလျှော့ဈေးများဖြင့် ဝယ်ယူသုံးစွဲခွင့်ရရှိမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ရန်ကုန်ယူနိုက်တက်အသင်း၏ Exclusive Member Club ကို အောက်တိုဘာ ၁၆ ရက်မှ စတင်ဖွင့်လှစ်မည်ဖြစ်ကာ စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် ၅၂ ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်ရှိ Espace Avenir အဆောက်အအုံနှင့် အမှတ် ၁၄၃/၁၄၉ ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ်ရှိ မြန်မာရှောပင်းမောလ်တွင် လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းနှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းတို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးနှင့် အမှတ်(၂)စက်မှု ဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်တို့က စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက စက်မှုဇုန်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ကြည့်ရှုလေ့လာ

ညှိနှိုင်းအစည်းအဝေးအပြီးတွင် ဝန်ကြီးဦးအောင်သောင်း၊ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့် တာဝန်ရှိသူများသည် စုဝေးခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် အမှတ်(၂) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော မော်တော်ယာဉ်အင်ဂျင်များ၊ ဂီယာ Box အစိတ်အပိုင်းများ၊ Piston နှင့် Casting Parts များအပါအဝင် စက်ပစ္စည်းများကို ကြည့်ရှုလေ့လာကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်

စစ်ကိုင်းတိုင်းမှ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအား ထောက်ပံ့ငွေများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ ညနေ ၄နာရီတွင် နေပြည်တော်ရှိ အမှတ် (၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် စစ်ကိုင်းတိုင်းမှ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးပြီး ထောက်ပံ့ငွေများကို ပေးအပ်ရာ ခေတ်အကြိုက်တေး အကဲဖြတ်ဒိုင် ရေနွေးသာ စိုးလှိုင်က လက်ခံယူသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

အောက်တိုဘာ ၁၈ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပမည့် (၅)ကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် မြားပစ်အားကစားအဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်)

မီးဘေးကာကွယ်ရေးလေ့ကျင့်

ဗန်းမော် အောက်တိုဘာ ၂၀

ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရတနာဈေးကြီး မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အမှုဆောင်အရာရှိဦးခင်မောင်ဦးကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများ စုပေါင်း၍ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး ကြိုတင်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ပိုင်းဒေသများ၌ မိုးဆက်လက် ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၂၀

ယနေ့ နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

အောက်တိုဘာ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်မည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နှလုံးသွေးကြောရောဂါကာကွယ်ရန် ပုစွန်စားသုံးသင့်



ပုစွန်သည် အာဟာရဓာတ်ပြည့်ဝသည့်အစားအစာ ဖြစ်သည်။ ပုစွန်တွင် သတ္တုဓာတ် အပြည့်အဝပါသည်။ ထို့ပြင် ဗီတာမင် ဒီနှင့် ဗီတာမင်ဘီ-၁၂များ ပုစွန်တွင် ကြွယ်ဝစွာပါဝင်သည်ဆို၏။

ပုစွန်တွင် အဆီနှင့်ကိုလက်စထရော ပါဝင်မှုနှင့်ပတ်သက်၍ လူအများအပြားမှာ ဇဝေဇဝါ ဖြစ်ကြရသည်။ အမှန်မှာ အဆီနည်းပြီး ကိုလက်စထရော ပါဝင်မှုများပြားခြင်းဖြစ်သည်။

စိုးရိမ်ဖွယ်မရှိ

ကိုလက်စထရောပါဝင်မှု မြင့်မားသည့်အတွက် အချို့က ပုစွန်ကို မစားဘဲရှောင်သည်လည်း တွေ့ရသည်။ သို့သော် ကိုလက်စထရော ပါဝင်မှုမြင့်မားခြင်းမှာလည်း ဥများတွင် ပါဝင်မှုနှင့်နှိုင်းစာသော် ပုစွန်၌ ပါဝင်မှုက စိုးရိမ်ဖွယ်မရှိကြောင်း တွေ့ရှိရသည်ဟုဆို၏။

စားသုံးသင့်

ဗီတာမင်ဘီ-၁၂သည် သွေးကြော နံရံများကို ပျက်စီးစေပြီး နှလုံးသွေး ကြောရောဂါကိုဖြစ်စေသည့် မော်လီကျူးတစ်မျိုးဖြစ်သည်။ ဟိုမိုစီရစ္စတယ်လင်းကို ထိန်းပေးရာတွင် လိုအပ်သော အာဟာရတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် နှလုံးသွေးကြောရောဂါကာကွယ်ရေးအတွက် ပုစွန်ကို စားသုံးသင့်သည်ဟု သုတေသီများက တိုက်တွန်းအကြံပြုထားသည်။

အကြမ်းဖက်သောင်းကျန်းသူများ ဖာပွန်-ကတိုင်တိ-ကမမောင်း ကားလမ်းပေါ်ရှိ တံတားသုံးစင်းအား မီးရှို့ဖျက်ဆီး

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် နိုင်ငံတော်က အားကြိုးမာန်တက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၂၀ရက်တွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ် ဖာပွန်-ကတိုင်တိ- ကမမောင်းကားလမ်း မထောရွာနှင့် ကတိုင်တိရွာအကြားရှိ တံတား သုံးစင်းကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း သိရှိရသည်။

ပြန်လည်သွားလာနိုင်

တံတားများ ပျက်စီးမှုကြောင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးအဖွဲ့(၉)မှ တာဝန်ရှိသူများသည် ဒေသအာဏာပိုင်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တံတားများကို မူလအတိုင်း ပြန်လည်ကောင်းမွန်အောင် အမြန်ပြုပြင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၃ရက်တွင် တံတားသုံးစင်းလုံး ပြန်လည်ပြုပြင်ပြီးစီးခဲ့သဖြင့် ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းလေသမျှ

၂၀-၁၀-၂၀၀၉

လောင်းလုံ	၅ ဒသမ ၀၄ လက်မ
မုဒုံ	၁ ဒသမ ၃၈ လက်မ
ဟဲဟိုး	၀ ဒသမ ၉၈ လက်မ
ပင်လောင်း	၀ ဒသမ ၆၇ လက်မ

21-10 (07).pmd 1 10/20/2009, 2:36 PM

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

နေပြည်တော်တွင် တတိယနေ့အဖြစ် ဆက်လက်ယှဉ်ပြိုင်ဆင်နွှဲ

အနုသုခုမပညာ ချစ်မြတ်နိုးသူများ တစ်ခဲနက်ကြည့်ရှုအားပေး

● *ကျောဖုံးမှ*

အဆိုပါပြဇာတ်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

နေပြည်တော် အောက်တိုဘာ ၂၀

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ တတိယနေ့ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမနှင့် စာသင်ခန်းမ၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်တောသုတေသနစုဝေးခန်းမ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမနှင့် သင်တန်းခန်းမတို့၌လည်းကောင်း၊ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

သန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီ၊ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် အသင်းအုပ်ချုပ်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခုမ ပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

မဟာဂီတ

အဆိုပြိုင်ပွဲ၏အခြေခံပညာအဆင့် (အမျိုးသမီး) (အသက် ၁၀နှစ်မှ ၁၅နှစ်) မဟာဂီတ အဆိုပြိုင်ပွဲကို နံနက် ၉ နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒေါ်မေပြုံးခိုင်နှင့် အဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတ အဆို အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးမင်းနောင်နှင့်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ယင်းပြိုင်ပွဲတွင် **'မြတ်သို့စိမ်းလဲ့'** (ဘွဲ့)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်မြင့်မြတ်မောင်(ခ)မခင်မြန်မာ၊ ဧရာဝတီတိုင်းမှ မစုစုထက်အောင်၊ ကချင်ပြည်နယ်မှ မသက်ထားဖူး၊ ကရင်ပြည်နယ်မှ မသဲနုအေး၊ ချင်းပြည်နယ်မှ မအက်စတာဒေါသ့်ချင်းဆုန်၊ မွန်ပြည်နယ်မှ မမေသဇင်၊ ရန်ကုန်တိုင်းမှ မနေဇင်နှင်းထက်၊ တနင်္သာရီတိုင်းမှ မမွေးသိမ့်သိမ့်ကျော်၊ ရခိုင်ပြည်နယ်မှ မပြည့်ပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မသော်တာဝင်းမောင်၊ ရှမ်းပြည်နယ်မှ မစန်းနီလာညိမ်း၊ ပဲခူးတိုင်းမှ မမြတ်နိုးအောင်၊ မန္တလေးတိုင်းမှ မသက်ထားခင်နှင့် စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်တို့က သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲတွင် **'ဟောဝန်စုံမြိုင်'** (ပတ်ပျိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ ဦးထွန်းအောင်ကျော်၊ တနင်္သာရီတိုင်းမှ ဦးပြည့်ဖြိုးလင်း၊ ရန်ကုန်တိုင်းမှ ဦးကျော်ကျော်ဟန်နှင့် ဦးစောဝင်း၊ ဧရာဝတီတိုင်းမှ ဦးတင်ဦးလှိုင်တို့က ပြိုင်ပွဲဝင် သီဆိုကြပြီး တတိယနေ့ပြိုင်ပွဲအစီအစဉ်ကို ရပ်နားလိုက်သည်။

ခေတ်အကြိုက်တေး

အဆိုပြိုင်ပွဲ၏ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲကို နံနက် ၉နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း သင်တန်းခန်းမ၌ ကျင်းပရာ ခေတ်အကြိုက်တေး အကဲဖြတ်အဖွဲ့ခေါင်းဆောင် မောင်သစ်မင်းနှင့် အကဲဖြတ်ပညာရှင်များက ကြီးကြပ်၍ အကဲဖြတ် အမှတ်ပေးကြသည်။

အဆိုပါ ပြိုင်ပွဲတွင် **'မြန်မာ့စိတ်ဓာတ်'** သီချင်းဖြင့် ကရင်ပြည်နယ်မှ မောင်ခွန်ဌေးနောင်၊ ကယားပြည်နယ်မှ မောင်စောသာဂေဖိုး၊ ဧရာဝတီတိုင်းမှ မောင်အောင်ကိုဝင်း၊ မန္တလေးတိုင်းမှ မောင်ရဲရန်အောင်၊ တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးဝေဇော်၊ မန္တလေးတိုင်းမှ မောင်ဇေယျထန်၊ ရှမ်းပြည်နယ်မှ မောင်အမ်ဘရောစို၊ ပဲခူးတိုင်းမှ မောင်ဇော်ကိုကို၊ ကချင်ပြည်နယ်မှ မောင်ဝေဖြိုးအောင်၊ ရန်ကုန်တိုင်းမှ မောင်ရဲလင်းထွန်း၊ ရခိုင်ပြည်နယ်မှ မောင်ကျော်ဇေလင်း၊ ရန်ကုန်တိုင်းမှ မောင်လပြည့်ဖြိုးနှင့် မွန်ပြည်နယ်မှ မောင်စိုင်းတင့်လွင်ဦးတို့က သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **'ပြည်ထောင်စု၏ ထာဝရအလှများ'** သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ ရခိုင်ပြည်နယ်မှ မဖြူဖြူအောင်၊ မန္တလေးတိုင်းမှ မဌေးဌေးမြင့်၊ ဧရာဝတီတိုင်းမှ ဒေါ်ချောစုစံ၊ ချင်းပြည်နယ်မှ မသျှန်းရဲမ်မွေး၊ ကရင်ပြည်နယ်မှ မဖြူဖြူကျော်၊ မန္တလေးတိုင်းမှ မဆောင်းနှင်းဝေဝေ၊ မွန်ပြည်နယ်မှ မမြပန်းစံအိမ်၊ စစ်ကိုင်းတိုင်းမှ မအိအိခင်၊ ကချင်ပြည်နယ်မှ မမေပိုးဝါ၊ တနင်္သာရီတိုင်းမှ မအိနန္ဒာ၊ မကွေးတိုင်းမှ ဒေါ်ခိုင်ဇာလီအောင်၊ ပဲခူးတိုင်းမှ ဒေါ်ဝတ်ရည်ထွန်း၊ ရှမ်းပြည်နယ်မှ မနှင်းနှင်းကျော်နှင့် ရန်ကုန်တိုင်းမှ မမေအိမ့်ဒါလီမွန်တို့က သီဆို ယှဉ်ပြိုင်ကြပြီး တတိယနေ့ ပြိုင်ပွဲအစီအစဉ်ကို ရပ်နားလိုက်သည်။

အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲတွင် တနင်္သာရီတိုင်းမှ မောင်ဒီရဲလင်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အကပြိုင်ပွဲ

အကပြိုင်ပွဲ၏ အခြေခံပညာအဆင့် အသက် (၁၀နှစ်မှ ၁၅နှစ်) အမျိုးသမီးပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မာဒင် ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် အဖွဲ့ဝင်များက ကြီးကြပ် အကဲဖြတ် အမှတ်ပေးကြပြီး မကွေးတိုင်းမှ မခင်ယင်းမာလွင်၊ ပဲခူးတိုင်းမှ မသင်းနိုင်နိုင်စံ၊ ရှမ်းပြည်နယ်မှ မမြတ်အိန္ဒြေထက်၊ မန္တလေးတိုင်းမှ မဖူးဝေသာ၊ ဧရာဝတီတိုင်းမှ မရွှေဝင့်ထယ်ကို၊ ပဲခူးတိုင်းမှ မအေးသန္တာဗိုလ်၊ မန္တလေးတိုင်းမှ မသီရိမေ၊ ဧရာဝတီတိုင်းမှ မခင်မျိုးဆက်၊ တနင်္သာရီတိုင်းမှ မရွှေရည်ရတနာ၊ ချင်းပြည်နယ်မှ မပါရီထားဇီး၊ ရခိုင်ပြည်နယ်မှ မပန်းမြတ်သူ၊ ရန်ကုန်တိုင်းမှ မနှင်းအိချို (ခ) မနှင်းအိန္ဒြာကျော်၊ ရှမ်းပြည်နယ်မှ မလွင်ထက်ထက်စံ၊ စစ်ကိုင်းတိုင်းမှ မနှင်းဝေဖြိုး၊ ရန်ကုန်တိုင်းမှ မရွှေယမင်းမေ၊ ကရင်ပြည်နယ်မှ မနန်းမေကလျာဦး၊ ရခိုင်ပြည်နယ်မှ မလှသန်းမြင့်၊ ကရင်ပြည်နယ်မှ မစန်းရင်မိုး၊ ကချင်ပြည်နယ်မှ မနီနီ၊ ကယားပြည်နယ်မှ မမြတ်ဆုမွန်၊ ချင်းပြည်နယ်မှ မဖြိုးကျော့ခိုင်၊ ကချင်ပြည်နယ်မှ မထက်ထက်မိုးလွင်၊ မွန်ပြည်နယ်မှ မသူဇာနွယ်၊ တနင်္သာရီတိုင်းမှ မကေခိုင်စိုးနှင့် မကွေးတိုင်းမှ မငုဝါစိုးတို့ ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အကပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ်မှ မောင်လှမောင်ထွန်း၊ မကွေးတိုင်းမှ ဦးဇော်မင်းထိုက်၊ ရှမ်းပြည်နယ်မှ မောင်ကျော်လင်း(ခ) မိုးမြင့်ကြယ်၊ ဧရာဝတီတိုင်းမှ ဦးစောမြတ်လင်းစိုး(ခ) လင်းလင်း၊ ကချင်ပြည်နယ်မှ ဦးကျော်ဇင်မော်၊ ပဲခူးတိုင်းမှမောင်မင်းမင်းနိုင်၊ မန္တလေးတိုင်းမှ မောင်ဝင်းညီညီထွန်း (ခ) အရုဏ်ဦး၊ ရန်ကုန်တိုင်းမှ မောင်မာန်ဟံသာ၊ ကရင်ပြည်နယ်မှ မောင်မိုးဆုအောင်၊ ချင်းပြည်နယ်မှ မောင်ကျော်မြိုင်၊ မွန်ပြည်နယ်မှ မောင်ဆန်းလင်းချမ်း၊ ရန်ကုန်တိုင်းမှ မောင်မျိုးမြင့်အောင်၊ မန္တလေးတိုင်းမှ မောင်ဇော်လင်းအောင်(ခ) ဖွဲ့သန့်နှင့် စစ်ကိုင်းတိုင်းမှ ဦးဖြိုးဇော်တို့ ပြိုင်ပွဲဝင်ကြပြီး တတိယနေ့ပြိုင်ပွဲ အစီအစဉ်များကို ရပ်နားလိုက်သည်။



အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား ဆိုင်း (အဖွဲ့လိုက်) အတီးပြိုင်ပွဲတွင် မန္တလေးတိုင်းမှ ဗိုလ်ရဲထက်အဖွဲ့ ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ဂီတာအတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ ဂီတာ အတီး အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဂီတာ ဦးဝင်းဖေနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြပြီး **'သာယာသာယာ'** (ကြိုး)သီချင်းဖြင့် ပဲခူးတိုင်းမှ မောင်နန်းဝေယံထွန်း၊ ရန်ကုန်တိုင်းမှ မောင်အောင်သူရမြင့်လွင်နှင့်မောင်စောစကြာအောင်၊ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်တို့က တီးခတ် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး ဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **'သာယာသာယာ'** (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မနှင်းအိခိုင်၊ ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်နှင့် မယွန်းရွှေရည်ထူးတို့က တီးခတ် ပြိုင်ပွဲဝင်ကြသည်။

တီးခတ်ယှဉ်ပြိုင်

ဆက်လက်၍ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသား ဂီတာ အတီးပြိုင်ပွဲကို ကျင်းပရာ **'စိတ်ကြာဂီဝါ'** ကာလပေါ် သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်နှင့် မောင်စည်သူထွန်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ **'ထောင်ရောင်နေမှောင်မှောင်ခြွေ'** (ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်းနှင့် မအိအိဖြိုးကျော်၊ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား ဂီတာ အတီးပြိုင်ပွဲကို ကျင်းပရာ **'ယမုန်နာ'** (ပတ်ပျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးတင်ရွှေ၊ ပဲခူးတိုင်းမှ ဦးသန်း၊ ရန်ကုန်တိုင်းမှ ဦးလှမြင့်နှင့် ဦးသိန်းနိုင်တို့က တီးခတ် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **'ဆဒ္ဒန်အိုင်သာ'** (သီချင်းခန့်)ဖြင့် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်၊ ရန်ကုန်တိုင်းမှ ဒေါ်နွေဇင်ဝင်းနှင့် ဒေါ်မြနှင်းရည်၊ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့က တီးခတ် ပြိုင်ပွဲဝင်ကြပြီး တတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

စန္ဒရားအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား စန္ဒရား အတီးပြိုင်ပွဲကို နံနက်၉နာရီတွင် သစ်တောသုတေသနစုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ယင်းပြိုင်ပွဲတွင် **'ဘုံဆောင်မြင့်'** (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စောစကြာအောင်နှင့်မောင်အောင်

ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အခြေခံပညာအဆင့် (အမျိုးသမီး) (အ
မဟာဂီတ အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မ
စဉ်။

ယှဉ်ပြိုင်တင်ဆက်

သို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး
ခွန်ဆမ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး
ညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊
ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ လူဝင်မှုကြီးကြပ်
ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊
ရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး
မ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဝင်းအောင်၊
လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်
ရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာ
ကျေးမှု အနုသုခုမပညာကို ချစ်မြတ်နိုးကြသော
ရောက်ကြည့်ရှု အားပေးကြသည်။

ကရင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့တွင် စီမံအုပ်ချုပ်သူ ဦးစောထားလုံ (ယဉ်ကျေးမှု)၊ ပြဇာတ်အဖွဲ့ခေါင်းဆောင် ဦးသောင်းထွန်း၊ ဇာတ်ညွှန်းစာရေးဆရာ သန်းအောင်(မုဒိတာ)၊ ဒါရိုက်တာ ထွန်းမြင့်(ခ) ဇင်မိုးနှောင်း၊ စန္ဒရား သောင်းမြင့်ထွန်း၊ သထုံ စိန်ကုလားဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသား ဝေဠုအောင်၊ ခေါင်းဆောင်မင်းသမီး ယမင်းထွန်းနှင့် ဇာတ်ပို့ဇာတ်ရံ သရုပ်ဆောင်များက နိုင်ငံတော်အတွက် စွန့်လွှတ်၊ စွန့်စားဝံ့သူ ကရင်တိုင်းရင်းသား တစ်ယောက်၏ ဂုဏ်ယူဖွယ်၊ အားကျဖွယ်၊ ကြေကွဲဖွယ်ကောင်းသည့် **'သားကောင်းရတနာ'** တစ်ဦး၏ ဘဝသရုပ်ကို အခြေခံထားသည့် ဇာတ်လမ်း ဇာတ်ကွက်များဖြင့် အနုပညာရသ ပြောင်မြောက်စွာ မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်တင်ဆက်ဖျော်ဖြေသွားသည်။

(သတင်းစဉ်)

ပြဇာတ်ပြိုင်ပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်တို့ ကရင်ပြည်နယ်ကိုယ်စားပြု ပြဇာတ်အဖွဲ့၏ 'သားကောင်းရတနာ' ပြဇာတ်ပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

လှိုက်လှဲဝမ်းသာ ကြိုဆိုပါသည်

* ဇာတိပုည၊ ဂုဏ်မာနနှင့်
မြန်မာ့ဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည့်
ညီနောင်အားပြု၊ ပြည်ထောင်စု၏
အနုပညာ၊ ပွဲခင်းသာကို
ညီညာဖြဖြ၊ တင်ဆက်ကြမည်
ဆိုကရေးတီး၊ ပြိုင်ပွဲကြီးကား
ထီးထီးမားမား၊ စွမ်းပကားဖြင့်
ခံ့ညားထည်ဝါ၊ ဖွင့်လှစ်ပါပြီ
ချိန်ခါဆိုက်ရောက်၊ ဆယ့်ခွန်မြောက်တည့်။

* ပြောင်မြောက်လှပ၊ နုအရွနှင့်
ကကြဆိုကြ၊ တီးမှုတ်ကြမည့်
ရေးကြသားကြ၊ ဖန်တီးကြမည့်
မြန်မာ့ယဉ်ကျေးမှု၊ အစုစုကို
အနုပညာ၊ ပြောင်မြောက်စွာလျှင်
ရင်မှာပန်ဆင်၊ ပြိုင်ပွဲဝင်ကြ
ပေါ်လွင်ထင်ရှား၊ မျိုးဆက်များကို
အားထားယုံကြည်၊ ခေတ်သစ်ရည်လျက်
ရွှင်ကြည်အားကြီး၊ လက်ခုပ်တီးကာ
ဝှဲချီးကြိုဆိုလိုက်ပါသည်။ ။

တက္ကသိုလ်ညိုညိုသန့်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၁၀-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **အောင်တော်မူ**
စောမင်းနောင်၊ စိုင်းညီမင်း
(တေးရေး-
ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ **ငွေကြေးကိစ္စမှန်သမျှ ဘဏ်ကိုသာ အားကိုးကြ**
ခန့်စည်သူ၊ ဖြိုးငွေစိုး၊ ဝီယ၊
ပုလဲဝင်း၊ ဖူးစုံ၊ သဇင်
(ဒါရိုက်တာ-မြင့်စိုး ဝ/သ)
၈:၃၀ ၇။ တေးဂီတအစီအစဉ်
၈:၄၀ ၈။ International News
၈:၄၅ ၉။ Connect with English
(Episode-21)
(A Difficult Decision)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၃၀ ၄။ သီချင်းကြီးပဒေသာ
၄:၃၅ ၅။ အတီးပြိုင်ပွဲ
၄:၄၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၄:၄၅ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၄:၅၀ ၈။ Myanmar Smiles
(Episode-3)
(To the Land of Gold Here Comes the Korean Wave)
၅:၄၀ ၉။ စူပါတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့
၆:၃၀ ၁၃။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၀၀ ၁၄။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇:၃၀ ၁၅။ အေဝမ်းစိုးမြင့် ဝိုင်း သံစုံတူရိယာအဖွဲ့ဖျော်ဖြေခန်း
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ
မြူးရိုးဝေဝေချစ်သက်တည်
(တတိယတွဲ) (အပိုင်း-၁၅)
၂၁။ မြန်မာဗီဒီယိုဇာတ်လမ်း
ဒါပါပဲ
နိုင်းနိုင်း၊ သက်မွန်မြင့်
(ဒါရိုက်တာ-မောင်မောင်ဦး၊ စန္ဒီးဝိုက်)
၂၂။ အစီအစဉ်ပြီး၏။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ ၂၀နှစ်) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **'ထောင်ရောင်နေမှောင်မှောင်ခြွေ'** (ကြိုး)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မမေမြတ်တင်၊ ရန်ကုန်တိုင်းမှ မပိုးအိကြည်သူဆန်းနှင့် မအိအိဖြိုးကျော်၊ ပဲခူးတိုင်းမှ မဖြိုးဖြိုးလင်းတို့က တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား ဂီတာ အတီးပြိုင်ပွဲကို ကျင်းပရာ **'ယမုန်နာ'** (ပတ်ပျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးတင်ရွှေ၊ ပဲခူးတိုင်းမှ ဦးသန်း၊ ရန်ကုန်တိုင်းမှ ဦးလှမြင့်နှင့် ဦးသိန်းနိုင်တို့က တီးခတ် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ဂီတာ အတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **'ဆဒ္ဒန်အိုင်သာ'** (သီချင်းခန့်)ဖြင့် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်၊ ရန်ကုန်တိုင်းမှ ဒေါ်နွေဇင်ဝင်းနှင့် ဒေါ်မြနှင်းရည်၊ ဧရာဝတီတိုင်းမှ ဒေါ်ဥမ္မာတို့က တီးခတ် ပြိုင်ပွဲဝင်ကြပြီး တတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

စန္ဒရားအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား စန္ဒရား အတီးပြိုင်ပွဲကို

အခြေခံပညာအဆင့် (အမျိုးသမီး) (အသက် ၁၀နှစ်မှ ၁၅နှစ်) မဟာဂီတ အဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မသက်ထားဖူး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

နံနက်၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ စန္ဒရားအတီးပြိုင်ပွဲ အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးနီနီနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ယင်းပြိုင်ပွဲတွင် **'ဘုံဆောင်မြင့်'** (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်စောစကြာအောင်နှင့်မောင်အောင်

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဂီတာအတီးပြိုင်ပွဲတွင် ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ဒေါ်ဥမ္မာနွယ်နှင့် ပဲခူးတိုင်းမှ ဒေါ်တင်ဇာအေးလွင်တို့က ဝင်ရောက်တီးခတ် ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

နဲပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား နဲ

မျိုးထွန်း၊ ရှမ်းပြည်နယ်မှ မောင်ဇေယျာလှိုင်ထွန်း၊ ပဲခူးတိုင်းမှ မောင်ရဲမင်းထက်နှင့် မန္တလေးတိုင်းမှ မောင်ဉာဏ်လင်းထက်တို့က ပါဝင် တီးခတ်ယှဉ်ပြိုင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး စန္ဒရား အတီးပြိုင်ပွဲ၌ **'ရှစ်စုံရွှက်ကြာ'**(ပတ်ပျိုး)ဖြင့် ရန်ကုန်တိုင်းမှ ဒေါ်အေးသီတာလှိုင်နှင့် ဒေါ်ခင်စန်းလှိုင်၊ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ရှမ်းပြည်နယ်မှ

ပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ နဲ အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစာဘငွေးနှင့် အကဲဖြတ် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် **'တောဟေဝန်လယ်'** (ယိုးဒယား) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ ဦးဝင်းမင်းသန့်၊ ရန်ကုန်တိုင်းမှ ဦးထွန်းဦးနှင့် ဦးကျော်ခိုင်ဘွား၊ မန္တလေးတိုင်းမှ မောင်စည်သူမျိုး၊ မကွေးတိုင်းမှ ဦးကျော်ကိုလတ်၊ မန္တလေးတိုင်းမှ မောင်ထွန်းထွန်းဝင်း၊ ပဲခူးတိုင်းမှ ဦးထွန်းသန်းနှင့် ဧရာဝတီတိုင်းမှ ဦးဇော်မျိုးဝင်းတို့က ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲ အစီအစဉ်များကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ အဆင့်မြင့် ပညာအဆင့် အမျိုးသား နဲပြိုင်ပွဲတွင် **'ကျွန်းကျွန်းပိုင်သ'** (ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဟိန်းဝေလွင်၊ မန္တလေးတိုင်းမှ မောင်ဖြိုးကိုကိုနှင့် မောင်ငြိမ်းချမ်းအောင်၊ စစ်ကိုင်းတိုင်းမှ မောင်စိုးမင်းသူတို့ ဝင်ရောက် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား နဲပြိုင်ပွဲတွင် **'စိန်ကြယ်ညီးလင်း'** (မွန်)သီချင်းဖြင့် မကွေးတိုင်းမှ ဦးထွန်းကြိုင်၊ ရန်ကုန်တိုင်းမှ ဦးစိန်မောင်အိ၊ မန္တလေးတိုင်းမှ ဦးတာနော၊ စစ်ကိုင်းတိုင်းမှ ဦးမြဝင်း၊ ရန်ကုန်တိုင်းမှ ဦးညွန့်ဝင်းနိုင်၊ မွန်ပြည်နယ်မှ မောင်ချစ်မိုးလှိုနှင့်

ဧရာဝတီတိုင်းမှ ဦးစံအုန်းတို့ ပါဝင်ပြိုင်ပွဲဝင်ကြပြီး တတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

အတီးပြိုင်ပွဲ၏ အခြေခံအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်) အမျိုးသား ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ် အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ် ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး ဧရာဝတီတိုင်းမှ မောင်စိုးညီညီအဖွဲ့၊ ရန်ကုန်တိုင်းမှ မောင်ကောင်းဆက်ပြည့်စုံညီမ်း (ခ) ပြည့်စုံအောင်အဖွဲ့နှင့် မောင်ခန့်မျိုးနောင် (ခ) ဒင်္ဂါးအဖွဲ့တို့က တီးခတ် ပြိုင်ပွဲဝင်ကြကာ နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

ယင်းနောက် ပြိုင်ပွဲအစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသား ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူအဖွဲ့၊ ဧရာဝတီတိုင်းမှ မောင်နိုင်နိုင်အဖွဲ့၊ မန္တလေးတိုင်းမှ ဗိုလ်ရဲထက်အဖွဲ့နှင့် မောင်ရှိုင်းအောင်အဖွဲ့တို့က တီးခတ်ပြိုင်ပွဲဝင်ကြပြီး တတိယနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

(၂၁)ကြိမ်မြောက် အရိုးဆရာဝန်ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အရိုးရောဂါကုပညာအဖွဲ့၏ (၂၁)ကြိမ်မြောက် မြန်မာနိုင်ငံ အရိုးဆရာဝန်ညီလာခံကို နိုဝင်ဘာ ၄ရက်မှ ၉ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စာရင်းပေးနိုင်

*ယင်းညီလာခံတွင် မြန်မာနိုင်ငံရှိ အရိုးဆရာဝန်များနှင့် နိုင်ငံတကာမှ အရိုးရောဂါကု ဆရာဝန်များ တက်ရောက်ကြမည်ဖြစ်ပြီး **'တိုးတက်ပြောင်းလဲနေသော အရိုး အကြော အဆစ် ထိခိုက်မှုဒဏ်ရာ ကုသခြင်း'** ခေါင်းစဉ်ဖြင့် ဟောပြောမည် ဖြစ်သည်။ ညီလာခံသို့ တက်ရောက်လိုသည့် ဆရာဝန်များသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါကုပညာအဖွဲ့ ဖုန်း-၃၇၈၈၆၃၊ ၃၈၀၈၉၉နှင့် ၃၉၄၁၄၁တို့သို့ ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း သတင်းရရှိသည်။*

(သတင်းစဉ်)

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၄။	၂၁-၁၀-၂၀၀၉ (ဗုဒ္ဓဟူးနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ ကာလပေါ် အဆို၊ ကာလပေါ် အဆို၊ ကာလပေါ်	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) (အမျိုးသား) အဆင့်မြင့်ပညာ (အမျိုးသား) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသမီး)	၀၉:၀၀ ၀၉:၀၀ ၁၃:၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အက အက ပြဇာတ် ပြဇာတ်	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း) (အမျိုးသမီး) အဆင့်မြင့်ပညာ (အမျိုးသား) သားကောင်းရတနာ (ကချင်ပြည်နယ်) သားကောင်းရတနာ (မန္တလေးတိုင်း)	၀၉:၀၀ ၁၃:၀၀ ၁၈:၃၀ ၂၁:၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး (စန္ဒရား) အတီး (စန္ဒရား)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း) (အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား)	၀၉:၀၀ ၁၃:၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး (ပတ္တလား) အတီး (ပတ္တလား)	ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) အဆင့်မြင့်ပညာ (အမျိုးသမီး)	၀၉:၀၀ ၁၃:၀၀
		စိုက်ပျိုးရေး သုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး (ဒိုးပတ်) အတီး (ဒိုးပတ်)	ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) အခြေခံပညာအသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသား)	၀၉:၀၀ ၁၃:၀၀
		စိုက်ပျိုးရေး သုတေသနဦးစီးဌာန (သင်တန်းခန်းမ)	အတီး (ဆိုင်းတစ်ဦးချင်း) အတီး (ဆိုင်းတစ်ဦးချင်း)	အခြေခံပညာ အသက် (၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား) ဝါသနာရှင် (ပထမတန်း) (အမျိုးသား)	၀၉:၀၀ ၁၃:၀၀
		အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	ရုပ်သေး ရုပ်သေး	ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသမီး)	၀၉:၀၀ ၁၃:၀၀

■ *ကျောဖုံးမှ*

လွယ်ကူချောမွေ့

တပ်မတော်အစိုးရလက်ထက် မြန်မာနိုင်ငံတစ်ဝန်း တောင်ပေါ် မြေပြန့်မကျန် သွားလာလွယ်ကူမှု လျင်မြန်ချောမွေ့စေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရေးအတွက် လမ်းများကို ကွန်ရက်သဖွယ် ယှက်နွယ် ဖောက်လုပ်ပေးခဲ့သည်။

ပဒါန်းကျေးရွာ

တစ်ချိန်က ရွာလယ်လမ်းမ တစ်လမ်းနှင့် အိမ်ခြေ ၂၅အိမ်သာရှိခဲ့သော ငဖဲမြို့နယ်တောင်ဘက်မှ ပဒါန်းကျေးရွာကလေး....။ ယခုမူ ဤသို့မဟုတ်ပြီ၊ ပဒါန်းသည် အိမ်ခြေ ၇၇၅အိမ်၊ အိမ်ထောင်စု ၉၃၄စုနှင့် လူဦးရေ၄၀၀၀ကျော် တိုးတက်များပြားလာခဲ့ရာ ကျေးရွာကြီးတစ်ရွာအဆင့်ပင် ကျော်လွန်နေခဲ့ပေပြီ။ ပဒါန်း၏ အကျယ်အဝန်းကလည်း ၆၁၂၇ဧကကျယ်ဝန်းသည်။ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အဓိကအကြောင်းရင်းမှာ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်မှုကြောင့်ပင် ဖြစ်ပါ၏။ နိုင်ငံတော်မှ မြို့နယ်ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ ကူးယှက်ဖောက်လုပ်ပေးခဲ့၍ နိုင်ငံ၏အရှေ့၊ အနောက်၊ တောင်၊ မြောက်သွားရာလမ်းဆုံရာ ပဒါန်းကျေးရွာဖြစ်လာခဲ့သည်။

နိုင်ငံတော်မှ ထည့်ဝင်ငွေကျပ် ၈၅သိန်းနှင့် ပြည်သူမှ ထည့်ဝင်ငွေကျပ် ၈၃သိန်းဖြင့် တည့်ဆောက်ထားသည့် စာသင်ခန်း လေးခန်းပါ တိုးချဲ့ကျောင်းဆောင်သစ်ကလည်း ပဒါန်းကျေးရွာ၏ ဂုဏ်သတင်းကိုဆောင်နေသည်။ (မြန်မာ့အလင်း)

ပုသိမ်-မုံရွာ ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၀၄ မိုင် ၄ ဖာလုံတွင် ပဒါန်းတည်ရှိ၏။ အနောက်ဘက်သွားလမ်းအဖြစ် ရခိုင်ပြည်နယ် အမ်းမြို့သို့ ၆၅မိုင်၊ အရှေ့ဘက်သွားလျှင် ၃၃မိုင်အကွာ မင်းဘူးမှသည် မကွေး၊ တောင်ဘက်သွားလျှင် ပုသိမ်၊ မြောက်ဘက်သွားလျှင် မုံရွာအထိ....။ သည်တော့ မြန်မာနိုင်ငံ အရပ်လေးမျက်နှာကို သွားလိုရာသွားနိုင်သော လမ်းများရှိနေသည့် လမ်းခွဆုံ ပဒါန်းသည် အချိန်တိုအတွင်း ဖွံ့ဖြိုးစည်ပင်လာခဲ့ခြင်းဖြစ်သည်။

အလွန်စည်ကား

ပဒါန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေးအား ကျေးရွာအခြေအနေ အရပ်ရပ်ကို မေးမြန်းကြည့်မိသည်။ ''ကျွန်တော်တို့ပဒါန်းကျေးရွာဟာ ပုသိမ်-မုံရွာကားလမ်းနဲ့ မင်းဘူး-အမ်းလမ်း ခွဆုံမှာရှိတာမို့ အလွန်စည်ကားပါတယ်။ မင်းဘူး-ပွင့်ဖြူသွားတဲ့ကားဂိတ်၊ စစ်တွေ-ရန်ကုန်သွားတဲ့ ကားဂိတ်တွေရှိပါတယ်။ ရွှေပွင့်ဖြူနဲ့ ကားဂိတ်နှစ်ဂိတ်ပါ။ ရခိုင်ဘက်သွားမယ့် ခရီးသည် ပဒါန်းမှာ ညအိပ်ပြီးမှ သွားပါတယ်။ တည်းခိုရိပ်သာလည်း ဖွင့်ထားပါတယ်။ ခရီးသွား လမ်းခွဆုံရွာဖြစ်လို့ ဒေသခံတွေ အရောင်းအဝယ်ကောင်းပြီး စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေကြပါတယ်။ ဌာနကြီး ၁၅ခု အခြေတည်ထားတဲ့ ရွာလည်းဖြစ်ပါတယ်။ နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်ရေးအဖွဲ့၊ မူးယစ်စစ်ဆေးရေးဂိတ်၊ နိုင်ငံတော်အဆင့် တည်းခိုသည့် ဧည့်ရိပ်သာ၊ ပုသိမ်-မုံရွာလမ်း အထူး(၃) ဆောက်လုပ်ရေး စီမံကိန်းရုံး၊ ရန်ကုန်-စစ်တွေလမ်းစီမံကိန်း အပိုင်း(၃)ရုံး၊ မြန်မာ့သစ်လုပ်ငန်း၏ အမှတ်(၂၅) သစ်စက်၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေးရုံး သုံးရုံး၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ရှေ့တန်းစခန်းရုံး၊ မြန်မာ့စိုက်ပျိုးရေး ရှေ့တန်းစခန်းရုံး စတဲ့ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ထားရှိလို့ ပိုမိုစည်ကားနေခြင်းဖြစ်ပါတယ်''ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

ကျေးရွာတွင်းလှည့်လည်ကြည့်ရှုခဲ့ရာ သပ်ရပ်သန့်ရှင်းကျယ်ဝန်းသော မြေသားလမ်းများနှင့် ပျဉ်ထောင်၊ သွပ်မိုး အိမ်များနှင့် တိုက်ခံအိမ်များကို တွေ့ရသည်။ ဝင်းသူဇာအရောင်းဆိုင်လည်း ဖွင့်လှစ်ထားသည်။ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေး ဌာနခွဲတစ်ခုလည်း ရှိသည်။ ဆရာဝန်တစ်ဦးနှင့် ထိပ်တန်းသူနာပြုအပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၃ဦးရှိသည်ဟု သိရသည်။

''ပုသိမ်- မုံရွာကားလမ်းနဲ့ မင်းဘူး- အမ်းလမ်းခွဆုံမှာ ရှိတာမို့ အလွန်စည်ကားနေပါတယ်''
ဦးမြအေး
(ဥက္ကဋ္ဌ) ပဒါန်းကျေးရွာ
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

ထူးခြားသည်မှာ ပဒါန်း အထက်တန်းကျောင်း(ခွဲ)ဖြစ်၏။ ကျယ်ဝန်းသော မြေကွက်ကြီးပေါ်တွင် တည်ဆောက်ထားသည်ကို တွေ့ရသည်။ စာသင်ခန်းလေးခန်းပါဝင်သည့် အလျားပေ ၁၂၀၊ အကျယ်ပေ ၃၀ရှိ ကျောင်းဆောင်သစ်ကြီးတစ်ဆောင်ကို နိုင်ငံတော်မှ ငွေကျပ် ၈၅သိန်း၊ ဒေသခံပြည်သူများက ငွေကျပ် ၈၃သိန်း ထည့်ဝင်ကာ ၂၀၀၇ခုနှစ်က ဆောက်လုပ်ထားကြောင်း သိရသည်။ ပဒါန်း အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားကျောင်းသူ ၁၁၇၀ရှိသည်။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက် ၅၄ ဒသမ ၅၄ ရာခိုင်နှုန်း အောင်မြင်ခဲ့ကာ မင်းဘူးခရိုင်တွင် အောင်ချက်အကောင်းဆုံး တတိယဆု ရရှိခဲ့ကြောင်း သိရသည်။

ကျေးရွာသောက်သုံးရေကို ရေကန်လေးကန်၊ ကိုယ်ပိုင်ကြိုးဆွဲ ရေတွင်း ၂၈တွင်း၊ စက်ရေတွင်း ၁၂တွင်း၊ လက်နှိပ်တုံကင် အလုံး ၂၂၀ဖြင့် ပေါပေါလျှံလျှံ သုံးစွဲနေသည်ကိုလည်း တွေ့ခဲ့ရသည်။ ပဒါန်းကျေးရွာနှင့် နှစ်မိုင်ကျော်ဝေးသော သာယာကုန်းကျေးရွာ အနောက်ဘက် ဘရိန်းမန်းချောင်းကို ပိတ်ကာ ကိုယ့်အားကိုယ်ကိုး ဇီးကား-ပတ္တာရေသွယ်လျှောက်လုပ်ပြီး ပဒါန်းကျေးရွာအုပ်စုနှင့် ဆင်ချည်တိုင် ကျေးရွာအုပ်စုနှစ်စုမှ လယ်မြေ ၉၀၆ဧက အတွက် မိုးစပါးရေပေးဝေနေသည်ကိုလည်း တွေ့ခဲ့ရသည်။

ဆက်သွယ်ရေး

ဇီးကား-ပတ္တာရေသွယ်လျှောက်မှာ ဒေသ အခေါ်အဝေါ်ဖြစ်ပြီး ချောင်းရေကို ပျဉ်ချပ်များဖြင့် ရေတံလျှောက်ပြုလုပ်ကာ ရေမြောင်းအတွင်း စီးဝင်စေရန် ပြုလုပ်ထားခြင်းဖြစ်သည်။ ဆက်သွယ်ရေးအိတ်ချိန်းရုံး တစ်ရုံးထားရှိကာ လက်လှည့်ဖုန်း အလုံး ၁၂၀၊ စီဒီအမ်အေဖုန်း ရှစ်လုံးရှိသည်ဟု သိရသည်။

အကျိုးကျေးဇူး

တစ်ချိန်က အိမ်ခြေ ၂၅အိမ်နှင့် ရွာလယ်လမ်း တစ်လမ်းသာရှိခဲ့သော မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ ပဒါန်းကျေးရွာကလေးသည် ယခုအခါ အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းသည် နိုင်ငံတော်၏ ကွန်ရက်သဖွယ် လမ်းများ ဖောက်လုပ်ပေးခြင်း အကျိုးကျေးဇူး၏ ရလဒ်ပြယုဂ်များပင် ဖြစ်ပါကြောင်း သတင်းခရီးမြင်ကွင်း အဖြစ် စေ့ငုရေးသားတင်ပြလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)

မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာ၏ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ။ (မြန်မာ့အလင်း)

ဇီးကား-ပတ္တာ ရေသွယ်လျှောက်မြောင်း

လယ်မြေ၉၀၆ဧကကို မိုးစပါး ရေဝေပေးနေသည့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသည့် ဇီးကား-ပတ္တာရေသွယ်လျှောက်မှ မြောင်းအတွင်း ရေလွှတ်ထုတ်ပေးနေခြင်း ကလည်း ပဒါန်းရွာသူ ရွာသားများ၏ စည်းလုံးညီညွတ်ခြင်း၏ ပြယုဂ်တစ်ခုပင် ဖြစ်....။

(မြန်မာ့အလင်း)

အသက် (၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဂူကြီးကုန်းကျေးရွာလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၀ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းသန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၀

ယခုအပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ် (၄၁)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် "Sanction Vs Myanmar" (ဆန်ရှင်နှင့်မြန်မာ) မျက်နှာဖုံးဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများက ပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာကြီးသခင်တင်မြ၏ 'နဂါးနီစာအုပ်အသင်းနှင့် နိုင်ငံရေးစာပေ' ဆရာသန်းစိုးနိုင်၏ 'တစ်ခန်းမရပ်နိုင်သေးသော အာဖဂန်ရွေးကောက်ပွဲ'၊ ကမ္ဘာ့ပထမဆုံး စတုတ္ထမျိုးဆက်လွန် ဆော့ဖ်ဝဲလ်ရေးနည်းစင်တာ မြန်မာနိုင်ငံ၌ တည်ဆောက်မည်၊ ကမ္ဘာ့လောင်စာဆီဈေး ရုတ်တရက် မြင့်တက်၍ ပြည်တွင်းဒီဇယ်ဈေးပါလိုက်တက်၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်မည့် မြန်မာအလုပ်သမားသစ်များကို အချက်အလက်ပြည့်စုံပါက တစ်လအတွင်း ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးမည်၊ ကြက်သွန်နီဈေး ၁၀ရက်အတွင်း သိသိသာသာ ကျဆင်းမည်ဟုဆို၊ အက်ဖ်အမ်ပုဂံနားဆင်ရတော့မည်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်တွေ့ဆုံခြင်း၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ 'ဂျာနယ်များနှင့်ပရိသတ်အမြင်'အကြောင်း၊ သုံးမိနစ်မန်နေဂျာကဏ္ဍမှ 'အားသာချက်က ပြိုင်ဆိုင်မှုမှာ'၊ 'မြန်မာနိုင်ငံရောက် ကိုရီးယားမင်းသမီး လီယောင်အွန်းနှင့် တွေ့ဆုံခြင်း' ဖျော်ဖြေရေးကဏ္ဍများအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ရေရှည်စီးပွားရေး နည်းဗျူဟာပိုင်းကို အာရှ မည်သို့ပြောင်းလဲမည်နည်း၊ တရုတ်-အာဆီယံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်အလားအလာ၊ စင်ကာပူ အလုပ်သမားများ သတင်းစာကြော်ငြာများကို အားထားနေရ၊ အမျိုးသမီးရာကျော်ကို လူကုန်ကူးသည်ဟု သံသယရှိသဖြင့် မလေးဇနီးမောင်နှံဖမ်းဆီးခံရ၊ အစားအစာ ၁၃မျိုး စားသုံးရန်မသင့်ကြောင်း ဟောင်ကောင်တွင် စစ်ဆေးတွေ့ရှိ၊ မေးဆက်ရီး အစိတ်အပိုင်း သိပ္ပံပညာရှင်များတီထွင်၊ 'လွန်ခဲ့သော ခုနစ်နှစ်က သေဆုံးခဲ့သည့် စားဖိုမှူးအမျိုးသမီးသေဆုံးမှု စုံစမ်းစစ်ဆေးလျက်ရှိ' မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ 'ပြောရဦးမယ် သူတို့က ဒီလိုတဲ့' ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

တောင်ကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့မဈေး ခြံစည်းရိုးကာရံထားရှိမှုကို သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဖော်ဇံက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

21-10 (10).pmd 1 10/20/2009, 2:36 PM

ကနီ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၀

မုံရွာခရိုင် ကနီအထက၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ၆ရက် မွန်းတည့် ၁၂ နာရီတွင် ကနီအထက အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဆရာကန်တော့ပွဲသို့ ရပ်နီး ရပ်ဝေးမှ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများ ဦးစန်းလွင်ဦး(ခရိုင်ဦးစီးအရာရှိ၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကျောက်တံတား မြန်/ဆက်) ဖုန်း-၀၁-၂၅၄၂၇၀၊ ၂၁၁၁၃၅၊ ဦးသန်းမြွေးလွင်(လ၀က၊ မဟာအောင်မြေ၊ မန္တလေး) ဖုန်း-၀၂-၆၄၆၃၆၊ ဦးတင်ငွေးကျော် (မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းရုံး၊ မုံရွာမြို့) ဖုန်း-၀၇၁-၂၂၇၄၄၊ ဦးကျော်စိုးမင်း (မြို့နယ်အတွင်းရေးမှူး၊ ကနီမြို့) ဖုန်း-၀၉-၆၄-၆၀၄၂၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် မြန်/ဆက်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ) ဝန်ကြီးအဆင့်အစည်းအဝေးဖွင့်ပွဲတွင် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (နိုင်ငံခြားရေး)

(၈)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ) နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၄ရက်မှ ၁၆ ရက်အထိ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက်အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုလံဘိုမြို့သို့ အောက်တိုဘာ ၁၄ရက် နံနက်ပိုင်းက ရောက်ရှိပြီး ည ၈နာရီခွဲတွင် Mount Lavinia Hotel ၌ သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးက ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

(၈)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ (အေစီဒီ)ဝန်ကြီးအဆင့် အစည်းအဝေးကို အောက်တိုဘာ ၁၅ရက် နံနက် ၁၀ နာရီခွဲတွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ရှိ Bandaranaike Memorial International Conference Hall (BMICH) ၌ ကျင်းပရာ အေစီဒီ အဖွဲ့ဝင် ၃၁နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်ပွဲတွင် အေစီဒီ အလှည့်ကျ သဘာပတိ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီး၊ အေစီဒီ ညှိနှိုင်းရေးမှူး ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ယခင်နှစ်အေစီဒီ သဘာပတိ ကာဇက်စတန် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်နှင့် သီရိလင်္ကာနိုင်ငံ သမ္မတတို့က မိန့်ခွန်းပြောကြားကြပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

အတည်ပြု

အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို မွန်းလွဲ ၁၂နာရီခွဲတွင် ဆက်လက်ကျင်းပရာ ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထူမှုနှင့် အာရှဒေသဖွံ့ဖြိုးတိုးတက်ရေး အလားအလာများ အပါအဝင် အေစီဒီ၏ ရှေ့ဆောင်ရွက်မည့် လမ်းစဉ်တို့ကို ဆွေးနွေးကြသည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှု၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးစသည့် နိုင်ငံအများကို စိန်ခေါ်နေသည့် ကိစ္စရပ်များကို ဆွေးနွေးကြကာ အစည်းအဝေးအပြီး ထုတ်ပြန်မည့် ကိုလံဘိုကြေညာစာတမ်းကို ဆွေးနွေးအတည်ပြုကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် အစည်းအဝေး တက်ရောက်လာသည့် အေစီဒီ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတမဟာင်ဒါရာဂျာပက်ခ်စာအား ည ၇ နာရီ ၁၅မိနစ်တွင် သမ္မတ အိမ်တော် Temple Trees၌ သွားရောက်ဂါရဝပြုတွေ့ဆုံပြီး ည ၇နာရီခွဲတွင် သမ္မတ အိမ်တော်၌ အစည်းအဝေး တက်ရောက်လာသူများအား သမ္မတက ဂုဏ်ပြုတည်ခင်းသည့် ညစ်ခံပွဲသို့ တက်ရောက်ခဲ့သည်။

(၈)ကြိမ်မြောက် အေစီဒီဝန်ကြီးအဆင့် အစည်းအဝေးမကျင်းပမီ အောက်တိုဘာ ၁၄ရက်တွင် အဆင့်မြင့် အရာရှိကြီးများ အဆင့် အစည်းအဝေးကိုကျင်းပရာ လက်ရှိ အေစီဒီသဘာပတိ သီရိလင်္ကာ၊ ယခင် သဘာပတိ ကာဇက်စတန်၊ ၂၀၁၀ တွင် သဘာပတိဖြစ်မည့် အီရန်နှင့် အေစီဒီ ညှိနှိုင်းရေးမှူး ထိုင်းနိုင်ငံတို့ပါဝင်သည့် အေစီဒီ ညှိနှိုင်းရေးအဖွဲ့၏ အစီရင်ခံစာ၊ ကမ္ဘာ့စီးပွားရေးပြန်လည် နာလန်ထူမှု အခြေအနေနှင့် အာရှဒေသအတွက် ဖွံ့ဖြိုးတိုးတက်မှုအလားအလာများကိစ္စ၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ပုံမှန်ဆောင်ရွက်နိုင်မည့် ယန္တရားတစ်ရပ်ထူထောင်ရေးကိစ္စ၊ အဆင့်မြင့် လေ့လာရေးအဖွဲ့၏ ရှေ့ဆောင်ရွက်မည့် လမ်းစဉ်ကိစ္စနှင့် အေစီဒီကိုလံဘို ကြေညာစာတမ်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် အောက်တိုဘာ ၁၅ရက် ညနေ ၅နာရီ ၁၅မိနစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဒီပူမိုနီနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ လိုက်ပါသွားသည့် ကိုယ်စားလှယ်အဖွဲ့ဝင်နှစ်ဦးလည်း ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်နှင့် ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုကို တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးလှမျိုး အောက်တိုဘာ ၂ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု ဗဟန်း၌အသိပေးရှင်းလင်း

ရန်ကုန် အောက်တိုဘာ ၂၀

သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှု အသိပေးရှင်းလင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ် တိုင်းကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

စီမံချက်

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က အမှာစကား ပြောကြားပြီး သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်မှ သမားတော်ကြီး ဒေါက်တာမြင့်ဟန် တွဲဖက်ပါမောက္ခ(ဆေးပညာ) အင်းစိန်ပြည်သူ့ဆေးရုံကြီးက စီမံချက် လုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် တက်ရောက်ကြသူများ၏ မေးမြန်းဆွေးနွေးချက်အပေါ် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် မြန်/ဆက်)**

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

လက်ပံတန်း၌ ကျောင်းကျန်းမာရေးဆောင်ရွက်

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်အေးအေးမူသည် စက်တင်ဘာ ၁၅ရက် နံနက် ၁၀နာရီက လက်ထောက်ဆရာဝန် ဒေါက်တာအေးမွန်ဝင်း၊ သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာဖြိုးသူဇာကျော်၊ မြို့နယ်ကျန်းမာရေးမှူး ဦးလှမြင့်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မြို့မရပ်ကွက်ရှိ အမကကုလားကုန်းသို့ လည်းကောင်း၊ အမကပန်းပင်ကုန်းသို့လည်းကောင်း သွားရောက်၍ ကျောင်းသား ကျောင်းသူများအား အထွေထွေရောဂါနှင့်သွားရောဂါများ စမ်းသပ်စစ်ဆေးကုသခြင်းများအပြင် ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ (၁၇၅)

မချမ်းဘောမြို့နယ်၌ ဘောလုံးပြိုင်ပွဲ ကျင်းပ

မချမ်းဘောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ်၃၁ရက် ညနေ ၄နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့မအသင်းက နမ်ခမ်အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး အနိုင်ရရှိသော မြို့မအသင်းအား မြို့နယ်ဥက္ကဋ္ဌဦးခေါင်လန်းက ဆုဖလားချီးမြှင့်ပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

လက်ပန်-ကန်နားလမ်းဖောက်လုပ်ရေး ညှိနှိုင်းဆွေးနွေး

နွားထိုးကြီးမြို့နယ် အတွင်းရေးမှူးဦးရဲမြင့်အောင်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကံချွန်နှင့် လက်ပန်ကျေးရွာ တာဝန်ရှိသူများသည် စက်တင်ဘာ ၅ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ လက်ပန်-ကန်နားလမ်းအရှည် သုံးမိုင်ကျော် လမ်းဖောက်လုပ်ရေး ညှိနှိုင်းဆွေးနွေးကြသည်။ (၀၉၂)

ကျိုက်ထို၌ စာကြည့်တိုက်စံ(၅)ချက်ပြည့်စုံရေးကွင်းဆင်း

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စောလင်းနှင့် ဝန်ထမ်းများသည် စာကြည့်တိုက်များစံ(၅)ချက်နှင့်ပြည့်စုံရေးအတွက် ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ရက် နံနက်၁၁နာရီက ကော့ဘိန်းကျေးရွာရုံးခန်းမ၌ ကျင်းပသည်။ အလားတူ စက်တင်ဘာ ၁၆ရက်တွင် ကျွန်းတောကျေးရွာ၊ ၁၈ရက်၌ သံတံတားကျေးရွာနှင့် ကျူချောင်ကျေးရွာ၊ ၂၁ရက်တွင် ကင်မွန်းချောင်းကျေးရွာနှင့် တောင်ကလေးကျေးရွာ၊ ၂၃ရက်တွင် အင်္ဂဘိုကျေးရွာစာကြည့်တိုက်များ၌လည်း ကျင်းပဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မန္တလေး-မြစ်ကြီးနားရထား ကန့်ဘလူဘူတာ၌ ရပ်တန့်ပေး

မန္တလေး-မြစ်ကြီးနားရထားလမ်း၌ ပြေးဆွဲနေသော အမှတ်(၃၇)အဆန်၊ အမှတ်(၃၈)အစုန် အထူးအမြန်ရထားသည် ဩဂုတ် ၂၁ ရက်မှစ၍ ကန့်ဘလူဘူတာ၌ ရပ်တန့်ပေးပြီး ခရီးသွားဝန်ဆောင်မှုများ ဆောင်ရွက်ပေးကြောင်း၊ အမှတ်(၃၇) မန္တလေး-မြစ်ကြီးနား အဆန်ရထားအတွက် ကန့်ဘလူ-မြစ်ကြီးနား ရိုးရိုးတန်းထိုင်ခုံ ၁၀ခုံ၊ အထက်တန်းထိုင်ခုံလေးခုံ၊ အမှတ်(၃၈)မြစ်ကြီးနား-မန္တလေး အစုန်ရထားအတွက် ကန့်ဘလူ-မန္တလေး ရိုးရိုးတန်းထိုင်ခုံ ၁၀ခုံရောင်းချပေးရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ ဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေကြောင်း သိရသည်။ (၀၂၇)

လွိုင်လင်မြို့နယ်၌ မူလတန်းကျောင်းဆောင်သစ်ဖွင့်

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု နောင်ယာဆိုင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၁၈ရက် နံနက် ၉နာရီက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးစိုးမြင့်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး စိုးဝင်းနှင့် မြို့နယ်ပညာရေးမှူးကိုယ်စား အထက(၂) လွိုင်လင်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ခရိုင် ပြန်/ဆက်)

ဆင်ဘိုမြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

မြစ်ကြီးနားခရိုင် ဆင်ဘိုမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ စာဖတ်ရှိန်မြင့်မားရေးအတွက် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို စက်တင်ဘာ ၉ရက် နံနက် ၁၁နာရီက စာကြည့်တိုက်ခန်းမ၌ကျင်းပရာ ရုံးဝန်ထမ်းများက မြန်မာ့အလင်းသတင်းစာပါဆောင်းပါးနှင့် အယ်ဒီတာ့အာဘော် ဖတ်ကြားမှုအပေါ် မြို့နယ်ဦးစီးမှူးဒေါ်တိုးတိုးမေက သုံးသပ်ဆွေးနွေးပြီး မြစ်ကြီးနားခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ဖြည့်စွက်ဆွေးနွေးသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟုမ္မလင်း၌ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်အတွင်းရှိ စားသောက်ဆိုင် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ၂၂ရက်က မြို့နယ်အခွန်ဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရေးမှူးဦးဌေးဦး တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးဦးတင်ဦးက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပါ စားသောက်ဆိုင်များနှင့် ပတ်သက်၍ ပညာပေးဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

အရာတော်၌ မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေးသင်တန်းဖွင့်

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၉) ဖွင့်ပွဲကို စက်တင်ဘာ ၁၄ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ(ကိုယ်စား) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်အောင်ကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

အသိပညာပေး ဟောပြောပွဲ မိုးညှင်း၌ ကျင်းပ

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ၇ရက်က တဲကြီးကုန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးက မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ရည်ရွယ်ချက်များကို ဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်မာဆွေက လူမှောင်ခိုနှင့် လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ ပညာပေး ဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ ယနေ့ပြန်စပြီ
အဆင့်(၁)နေရာ၌ ဆက်ထိန်းနိုင်ရန်ကြိုးစားမည့် ဒယ်လ်တာနှင့် နိုင်ပွဲဆက်ရန်ကြိုးစားမည့် ဇေယျာရွှေမြေ

သုံးသပ်ရေးသားသူ - စိုးမိုး(IBC)၊ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၀

ပထမအကျော့ပြိုင်ပွဲပြီး၍ ခေတ္တရပ်နားထားခဲ့သော MNL အမှတ်ပေးဘောလုံးပြိုင်ပွဲကြီး၏ ဒုတိယအကျော့ပွဲစဉ်များကို အောက်တိုဘာ ၂၁ရက် (ယနေ့)ညနေ ၄နာရီမှစ၍ သုဝဏ္ဏဘောလုံးကွင်းတွင် ပြန်လည်စတင်ကျင်းပတော့မည်ဖြစ်သောကြောင့် ဘောလုံးပွဲကောင်းများကို မျှော်လင့်စောင့်စားနေကြသော ပရိသတ်များအတွက် အကြိုတ်အနယ်ရှိမည့် ပွဲကြီး ပွဲကောင်းများကို ဆက်တိုက်ပြန်လည်ခံစား ခွင့်ရရှိတော့မည်ဖြစ်သည်။

ရာသီဝက်ချန်ပီယံ

ပထမအကျော့ပွဲစဉ်အဖြစ် ခုနစ်ပွဲစီကစားပြီးချိန်တွင် ရောဝတီတိုင်းကိုယ်စားပြု ဒယ်လ်တာယူနိုက်တက်အသင်းမှာ ရှုံးပွဲမရှိသေးဘဲ ဇယားထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေသည်။ ပြိုင်ပွဲကာလ တစ်ဝက်ကျိုးချိန်တွင် ထိပ်ဆုံးနေရာရခဲ့သောကြောင့် ဒယ်လ်တာအသင်းကို ရာသီဝက်ချန်ပီယံအဖြစ်လည်း ဂုဏ်ပြုတင်စားရမလို ဖြစ်နေသည်။ ဒယ်လ်တာအသင်း၏ လက်ရှိ နည်းပြ/အုပ်ချုပ် အဖွဲ့၏ အသင်းကို စီမံခန့်ခွဲ လေ့ကျင့်မောင်းနှင်ပေးနိုင်မှုနှင့် ကစားသမားများ၏ ကြိုးစားခြေစွမ်းပြနိုင်မှုများကလည်း အဆင့်(၁)နေရာနှင့် ထိုက်တန်နေသည်။ အထူးသဖြင့် အသစ်ခေါ်ယူထားခဲ့သည့် နိုင်ငံခြားသားကစားသမား ငါးဦးလုံးမှာ အသင်းနှင့် အချိန်တိုအတွင်း အံဝင်အောင်ခြေစွမ်းပြ ကစားနိုင်ခဲ့သည့်အပြင် ကျန်အသင်းသားများကိုပါ ပိုမိုခြေစွမ်းပြလာနိုင်အောင် ဦးဆောင်မောင်းနှင်ပေးနိုင်ခဲ့ခြင်းကြောင့် ဒယ်လ်တာပရိသတ်များအတွက် ဂုဏ်ယူဖွယ်ရာ ပျော်ရွှင်မှုများ ခံစားခွင့်ရရှိစေခဲ့ခြင်း ဖြစ်သည်။

အစွမ်းကုန်ကြိုးစားကြတော့မည်

ပထမအကျော့ပြိုင်ပွဲတွင် ဒယ်လ်တာအသင်းကိုသာရှုံးခဲ့ပြီး ဇယားအဆင့်(၂)နေရာတွင် ရပ်တည်ခဲ့သော မန္တလေးတိုင်းကိုယ်စားပြု ရတနာပုံအသင်းမှာလည်း ဒုတိယအကျော့ပွဲစဉ်များတွင် သူတို့အသင်း၏ ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းနိုင်အောင် အစွမ်းကုန်ကြိုးစားမှာ သေချာသည်။ ပြည်တွင်းကစားသမားများနှင့် ပြည်တွင်းနည်းပြများဖြင့်သာ ထူးထူးခြားခြား ဖွဲ့စည်းပြိုင်ပွဲဝင်နေခဲ့သော ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်းမှာလည်း လက်ရှိ တတိယနေရာထက် ပိုမိုမြင့်သောအဆင့်၌ ရပ်တည်နိုင်အောင် ပြင်ဆင်ကြိုးစားမှာ သေချာသကဲ့သို့ ဆီွဒင်နည်းပြ စတီဗင်ဟက်ဆန်လက်ထက်တွင် ထူးထူးခြားခြား နိုင်ပွဲဆက်နေသော ဇေယျာရွှေမြေအသင်းကလည်း သူတို့၏နိုင်ပွဲဆက်မှုကို ဆက်ထိန်းနိုင်အောင် ပြင်ဆင်လေ့ကျင့်ထားသည်ကို တွေ့ရသည်။

မကွေး

ခုနစ်ပွဲတွင် နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးကာ အဆင့်(၅)နေရာတွင်ရပ်တည်နေသော နာမည်ကြီး မကွေးအသင်းကလည်း ပထမအကျော့တွင် ပုံမှန်ခြေစွမ်းမပြနိုင်ခဲ့သော နိုင်ငံခြားသားကစားသမားနှစ်ဦးနေရာတွင် အခြားနိုင်ငံခြားသားကစားသမားသစ်နှစ်ဦးအား အစားထိုးခေါ်ယူထားပြီး ဒုတိယအကျော့တွင် ရလဒ်ပြန်ကောင်းနိုင်အောင် ပြင်ဆင်လျက်ရှိသည်။ ဂျာမန်နည်းပြဂျာဂင်ကိုင်တွယ်နေပြီး နိုင်ငံခြားသားကစားသမားငါးဦးနှင့် ကစားအားကောင်းသော လူငယ်အချို့ရှိနေသော ပဲခူးတိုင်းကိုယ်စားပြု ဥဿာယူနိုက်တက်အသင်းအနေဖြင့်လည်း ဒုတိယအကျော့အတွက် ပြင်းပြင်းထန်ထန် ပြင်ဆင်လေ့ကျင့်လျက်ရှိနေသည်ကို တွေ့ရသည်။ မမျှော်လင့်ဘဲ ခြေစွမ်းရော ရလဒ်ပိုင်းပါ ဆက်တိုက်ကျဆင်းခဲ့သော နာမည်ကြီး ရန်ကုန်ယူနိုက်တက်အသင်းကတော့ ယခုဒုတိယအကျော့တွင် အထူးစောင့်ကြည့်ရမည့် အသင်းဖြစ်လာနိုင်သည်။ ဒဏ်ရာပြဿနာရှိနေပြီး ပုံမှန်ခြေစွမ်း မရှိတော့သော နိုင်ငံခြားသားကစားသမားအချို့နေရာတွင် ပိုမိုခြေစွမ်းပြနိုင်မည့် နိုင်ငံခြားသားထိပ်တန်းကစားသမားအချို့အား အစားထိုးခေါ်ယူထားသည်ကို တွေ့ရသည်။ အထူးသဖြင့် သူတို့အသင်းအား နိုင်ပွဲများဖြင့် ပြန်လည်အောင်ပွဲခံပြသည်ကို မြင်တွေ့လိုနေကြသော ရန်ကုန်ပရိသတ်များအတွက် အသင်းတာဝန်ရှိသူများ အထူးပြင်ဆင်မှုများပြုလုပ်နေကြသလို အသင်းသားများကလည်း ပထမအကျော့က အရိုပ်ဆိုးများကို ပြန်လည်ချေဖျက်နိုင်ရန်နှင့် သူတို့အားလုံး၏ပရိသိက္ခာကို ပြန်လည်မြှင့်တင်နိုင်ရန် အစွမ်းကုန်ကြိုးစားလေ့ကျင့်နေလေသည်။ ထို့အတူ အကြောင်းအမျိုးမျိုးကြောင့် ဇယားအောက်ဆုံးတွင် ရောက်ရှိနေရသော ဆောက်သမ်းမြန်မာအသင်းကလည်း နိုင်ငံခြားသား ထိပ်တန်းနည်းပြတစ်ဦးကို အားဖြည့်ခန့်ထားရန် စီစဉ်နေသည်ဟု သိရပြီး ဒုတိယအကျော့တွင် အများမထင်မှတ်သည့် ခြေစွမ်းမျိုး ပြန်လည်ထုတ်ပြနိုင်အောင် ကြိုးစားလေ့ကျင့်နေမည်ဟု ယုံကြည်မိသည်။

ပြိုင်ဆိုင်မှုပိုမိုပြင်းထန်

ထို့ကြောင့် ယနေ့တွင် စတင်ယှဉ်ပြိုင်ကစားတော့မည့် ဒုတိယအကျော့ပွဲစဉ်အားလုံးမှာ အသင်းတိုင်းအတွက် ခက်ခဲမှုရှိနိုင်သလို အကြိတ်အနယ်လည်း ပိုရှိလာမှာ သေချာသည်။ တစ်သင်းနှင့် တစ်သင်းပြိုင်ဆိုင်မှုလည်း ပိုမိုပြင်းထန်လာမည်ဖြစ်၍ ပွဲတိုင်းကလည်း ပရိသတ်အကြိုက်တွေ့မည့် ပွဲကြီးပွဲကောင်းများ ဖြစ်လာနိုင်သည်။ ပြိုင်ဘက်အသင်းအပေါ် အထင်သေး လျှော့တွက်၍ မရတော့ဘဲ ပထမအကျော့ထက် ပိုမိုကောင်းမွန်သည့် ခြေစွမ်း၊ စိတ်ဓာတ်နှင့် ကစားအားမျိုး ထုတ်ပြနိုင်သည့် အသင်းမှသာ ဒုတိယအကျော့တွင် ရလဒ်ကောင်းနိုင်မည်ဖြစ်သည်။ ထိုအချက်ကပင် ဝါသနာရှင်ဘောလုံးပရိသတ်များကို ပိုမိုဆွဲဆောင်စေနိုင်သော အချက်ဖြစ်နေသည်။

ယနေ့ကြည့်ရမည့် ပွဲကောင်း

အောက်တိုဘာ ၂၁ရက် **(ယနေ့)** ညနေ၄နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ကြည့်ရမည့် ဒယ်လ်တာယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်း ပွဲစဉ်မှာလည်း ပရိသတ်များ မဖြစ်မနေ စောင့်ကြည့်သင့်သည့် ပွဲကောင်းတစ်ပွဲ ဖြစ်သည်။ နိုင်ငံခြားသား ကစားသမားများ၏ ခြေစွမ်းပြမှုအားနှင့် မင်းမင်းသူကဲ့သို့ သိသိသာသာ ခြေစွမ်းတက်လာသော လူငယ်ကစားသမားမျိုးကို ပိုင်ဆိုင်ထားရုံမက အလွန်တောင့်တင်းသော နည်းပြ/အုပ်ချုပ် အဖွဲ့ရှိနေသော ဒယ်လ်တာအသင်းမှာ စိတ်ဓာတ်ပိုင်းလည်း အလွန်မြင့်မားနေသောကြောင့် ဇေယျာရွှေမြေအနေဖြင့် ပွဲကျပ်တစ်ပွဲကို ရင်ဆိုင်ရမည်မှာ သံသယရှိစရာမလိုပေ။ သို့သော် တစ်ပွဲထက်တစ်ပွဲ ကစားပုံရော ခြေစွမ်းနှင့် ရလဒ်ပိုင်းမှာ တိုးတက်လာသော ဇေယျာရွှေမြေအသင်းကို လျှော့တွက်မိလျှင်မူ ဒယ်လ်တာအသင်း အကြီးအကျယ်အခက်တွေ့သွားနိုင်သည်။ အထူးသဖြင့် ဇော်လင်းထွန်း၊ မင်းသူ၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်း၊ ရဲဝေယံစိုးတို့ကဲ့သို့ ကစားသမားများရှိနေပြီး နည်းစနစ်ပိုင်းကြွယ်ဝသော ဆွီဒင်နည်းပြ ကိုင်တွယ်နေသော ဇေယျာရွှေမြေအသင်းကို အလွယ်တကူကျော်ဖြတ်အနိုင်ယူရန် ခက်လှသည်ကို ဒယ်လ်တာအသင်း အုပ်ချုပ်နည်းပြအဖွဲ့အနေဖြင့် ကောင်းစွာသဘောပေါက်ကြပေလိမ့်မည်။

ပွဲကောင်းတစ်ပွဲ

မည်သို့ဆိုစေ ပုံမှန်ခြေစွမ်းပြပြီး ဇယားထိပ်ဆုံးတွင် ထိုက်တန်စွာရပ်တည်နေသော ဒယ်လ်တာအသင်းနှင့် တစ်ပွဲထက်တစ်ပွဲ ခြေစွာလာသော ဇေယျာရွှေမြေကဲ့သို့ အသင်းကြီးနှစ်သင်းထိပ်တိုက်တွေ့မည့်ပွဲစဉ်မှာ အကြိတ်အနယ်ရှိပြီး ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲ ဖြစ်လာမှာ သေချာနေသည်။ ။ **(မြန်မာ့အလင်း)**

ပထမအကျော့ပွဲစဉ်များအပြီး အမှတ်ပေးဇယားရပ်တည်မှု

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ဂိုးကွာ	ရမှတ်
ဒယ်လ်တာယူနိုက်တက်	၇	၅	၂	၀	၁၆	၈	၈	၁၇
ရတနာပုံ	၇	၅	၁	၁	၁၄	၅	၉	၁၆
ကမ္ဘောဇ	၇	၃	၃	၁	၁၀	၈	၂	၁၂
ဇေယျာရွှေမြေ	၇	၃	၁	၃	၁၁	၈	၃	၁၀
မကွေး	၇	၂	၃	၂	၇	၁၁	-၄	၉
ဥဿာယူနိုက်တက်	၇	၁	၃	၃	၇	၁၂	-၅	၆
ရန်ကုန်ယူနိုက်တက်	၇	၁	၁	၅	၇	၁၀	-၃	၄
ဆောက်သမ်းမြန်မာ	၇	၁	၀	၆	၈	၁၈	-၁၀	၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျိုင်းတုံ အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၉ ရက် နံနက်၉နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကျိုင်းတုံခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

သုံးသပ်ဆွေးနွေး

အစည်းအဝေးတွင် လက်ထောက်ညွှန်ကြားရေးမှူးဦးစိုးစိုးက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်နှင့် တာချီလိတ်ခရိုင်ရုံးတို့၏ လုပ်ငန်းဆောင်ရွက်အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ခရိုင်ဦးစီးအရာရှိများက တင်ပြဆွေးနွေးကြပြီး တင်ပြချက်များအပေါ် လက်ထောက်ညွှန်ကြားရေးမှူးက ပြန်လည်သုံးသပ်ဆွေးနွေး၍ တည်ဆောက်ပြီး ခိုင်မာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များ ဖြစ်ရေး၊ ဒေသနှင့်သင့်တော်သည့် စာငွေစနစ်ကျင့်သုံးရေး၊ ၂၀၀၉-၂၀၁၀ ရည်မှန်းချက်တာဝန် (၁၁)ရပ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပညာစေတနာစာကြည့်တိုက် မိုင်းကိုင်မြို့ လွိုင်ရှိုကျေးရွာ၌ဖွင့်

မိုင်းကိုင် အောက်တိုဘာ ၂၀

လွိုင်လင်ခရိုင်ရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့် ပြည့်စုံသော စာကြည့်တိုက်များ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ရက်က စံ(၅)ချက်နှင့်ပြည့်စုံသော ပညာစေတနာ စာကြည့်တိုက်ဖွင့်ပွဲကို မိုင်းကိုင်မြို့နယ် လွိုင်ရှိုကျေးရွာ ဝမ်ဟွေအွမ်ကျေးရွာအုပ်စု၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားကို မြို့နယ်ဥက္ကဋ္ဌဦးထင်ကျော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှိုင်လှိုင်ဦးနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလုံးအာရိယျတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသောဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အလှူရှင်တို့က စာကြည့်တိုက်အတွက် ငွေကျပ်၅၆၅၀၀၊ ရေဒီယိုတစ်လုံး၊ တိုင်ကပ်နာရီတစ်လုံး၊ နံရံကပ်ပြဘုတ်တစ်ခုနှင့် သုတစာအုပ် ၂၅၀တို့ကို လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးဖြစ်သည့် ဝမ်ပြန်-ဝမ်ပေါက် ကျေးလက်ကျောက်ချောလမ်း ဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မိုင်တိုင်အမှတ်(၃၈/၃)မှ (၄၃/၃)အထိ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ၂၀ရက်က ကျောက်ဆည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သူတို့ ကွင်းဆင်းစစ်ဆေးရာအမှုဆောင်အရာရှိဦးမျိုးသိန်းနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းထွေး တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းအတွင်းရှိ အချို့သောမြို့နယ်များ၌ မြွေဆိပ်ဖြေဆေးများ အတုပြုလုပ်ရောင်းချလျက်ရှိကြောင်း စိစစ်ဖော်ထုတ်တွေ့ရှိရ
ပြင်ပမှရောင်းချသော မြွေဆိပ်ဖြေဆေးများကို ဝယ်ယူအသုံးမပြုရန်လိုအပ်

နေပြည်တော် အောက်တိုဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာနသည် အများပြည်သူတို့အား ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် အရည်အသွေး အာနိသင်ရှိသည့် အမှန်တကယ်လိုအပ်သော အဓိကကျသည့် ဆေးဝါးအစစ်အမှန်များကို ဝယ်ယူသုံးစွဲနိုင်ရန်အတွက် အခြားဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည်။

ဖော်ထုတ်တွေ့ရှိ

ယခုအခါ မကွေးတိုင်းအတွင်းရှိ အချို့သောမြို့နယ်များ၌ မသမာသောပုဂ္ဂိုလ်များက မြွေဆိပ်ဖြေဆေးများကို အတုပြုလုပ်၍ ရောင်းချလျက်ရှိကြောင်း စိစစ်ဖော်ထုတ်တွေ့ရှိရသဖြင့် အမျိုးသားဆေးဝါးဥပဒေအရ ထိရောက်သော ပြစ်ဒဏ်များချမှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့် လူနာအတွက် မြွေဆိပ်ဖြေဆေးအသုံးပြုရန်လိုအပ်လာပါက ပြင်ပမှရောင်းချသော မြွေဆိပ်ဖြေဆေးများကို ဝယ်ယူအသုံးမပြုဘဲ လူနာကိုအနီးစပ်ဆုံး ကျန်းမာရေးဌာနများ၊ ဆေးရုံများ၌ စောစီးစွာပြသ၍ ကုသမှုခံယူစေရန်လိုအပ်ကြောင်း တိုက်တွန်းအပ်သည်။

လိုက်နာဆောင်ရွက်

သို့ဖြစ်ပါ၍ အရည်အသွေးစစ်မှန်ပြီး စံချိန်စံညွှန်းပြည့်ဝသော ဆေးဝါးများ ရောင်းချရေးအတွက် ကြီးကြပ်ကွပ်ကဲရန် ပြည်နယ်နှင့် တိုင်းဆေးဝါးကြီးကြပ်ရေးကော်မတီများသို့ ညွှန်ကြားထားကြောင်းနှင့် ဆေးဝါးများရောင်းချသည့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂိုလ်များသည် အမျိုးသားဆေးဝါးဥပဒေနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်ချက်တစ်ရပ်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

21-10 (12).pmd 1 10/20/2009, 2:36 PM

ကော့ကရိတ်မြို့နယ် ရေပူကြီးကျေးရွာ သုတရောင်ခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၇ရက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်၌ ကျင်းပရာ ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းနိုင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးဇော်မင်းနှင့်ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးနေဒွန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(ခရိုင် ပြန်/ဆက်)

ပွင့်ဖြူမြို့နယ်၌ ရတနာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ပွင့်ဖြူ အောက်တိုဘာ ၁၈

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အနောက်တိုင်းအုပ်စု ရွာသစ်ကြီးကျေးရွာ ရတနာရိပ်မွန်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ရက် ညနေ ၃နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုး၊ ကုန်းဇောင်းအထက်တန်းကျောင်းမှ ဆရာမကြီး ဒေါ်တင်တင်ဝင်း၊ အုပ်စုဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ကျေးရွာစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးညိုလေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက စာကြည့်တိုက်ရေရှည်တည်တံ့ရေးအတွက် စံ(၅)ချက်နှင့် ညီညွတ်ရေး၊ ပြည်သူများ စာများများ ဖတ်ရှုရေး၊ စာငှားစနစ် ကျင့်သုံးရေးတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် စာကြည့်တိုက်မှူးက ကျေးဇူးတင်စကားပြောကြားကာ စာကြည့်တိုက်တိုးတက်ရေးအတွက် ရှေ့ဆက် ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် စေတနာရှင်ပြည်သူများနှင့်စာကြည့်တိုက် အထောက်အကူပြုကော်မတီဝင်များက သုတ၊ ရသစာအုပ် စာစောင်၈၃၅အုပ်ကို ပေးအပ်လှူဒါန်းကြသည်။

တန်ဖိုး

အဆိုပါ စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၄ပေ×အနံ၁၅ပေရှိ သွပ်မိုး၊ အုတ်နံကပ်၊ သမံတလင်းခင်းဖြစ်ပြီး တန်ဖိုးမှာ ငွေကျပ်၁၈သိန်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အောက်တိုဘာ ၅ရက်က သထုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့ဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှ ဆောင်ရွက်ခြင်းလုပ်ငန်းကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဗျားနီ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အနေးယာဉ်လိုင်စင်ထုတ်ပေးရာတွင် ယာဉ်များ ကြွံ့ခိုင်မှု ရှိရေးနှင့် စည်းကမ်းတကျရှိစေရေးအတွက် စက်တင်ဘာ ၂၁ရက်က အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးတင်ရှိန် ကွင်းဆင်း စစ်ဆေးစဉ်။

(၃၁၆)

မိုးကောင်းမြို့၌ သွေးလှူရှင်အသင်း နှစ်ပတ်လည်စည်းဝေး

မိုးကောင်း အောက်တိုဘာ ၁၂

ကချင်ပြည်နယ် မိုးကောင်းမြို့ ဇီဝိတဒါနသွေးလှူရှင်အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၅ရက်က အဆိုပါအသင်းရုံးခန်း၌ ကျင်းပရာ လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆွေးနွေးကြပြီး ဥက္ကဋ္ဌဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးမြင့်အောင်တို့ ပါဝင်သော အမှုဆောင်အဖွဲ့ဝင်သစ်များကို ရွေးချယ်တင်မြှောက်ကြသည်။

(၀၀၁)

စံ(၅)ချက်နှင့်ပြည့်စုံရေး မင်းကင်း၌ဆောင်ရွက်

မင်းကင်း အောက်တိုဘာ ၆

စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ မောက်တက်ရွာသို့ ဩဂုတ် ၂၀ရက် နံနက် ၁၁နာရီက သွားရောက်ပြီး အလယ်တန်းကျောင်း(ခွဲ)တွင် စာကြည့်တိုက်များ သတ်မှတ်စံ (၅)ချက်နှင့်ပြည့်စုံရေး ကွင်းဆင်းဆောင်ရွက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်အေးက စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ဆောင်ရွက်သွားရန် ရှင်းလင်းဆွေးနွေးမှာကြားသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌဦးညီညီဝင်းက ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ဦးစိန်ဖေထံ သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၀၃၃)

အောင်မြင်ဖြစ်ထွန်းနေသော သီပေါနဂါးမောက်ခြံ

သတင်းမှတ်စု - စိုင်းသာလှိုင်(လိမ္မော်မြေ) ❖ ဓာတ်ပုံ - နေစိုးဟန်(သီပေါ ပြန်/ဆက်) ❖ စာမျက်နှာဖွဲ့စည်းမှု - ကျင်သန်းဦး(မြန်မာ့အလင်း)

သီပေါ အောက်တိုဘာ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ ဘစ်အမ်ဂရု(PMG) ဆားဗစ်ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပန်ဆောက်ကျေးရွာ သီးနှံမျိုးစုံပျိုးခင်းနှင့် စိုက်ပျိုးရေးခြံကြီးသို့ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကိုလေ့လာရန်အတွက် သတင်းခရီးနှင့်ခဲ့သည်။

အဆိုပါစိုက်ပျိုးရေးခြံကြီးသည် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးဘေးရှိ ပန်ဆောက်ကျေးရွာ၌ ၁၀၈ဧကကျော်ရှိ ဈေးကွက်ဝင်ပြီး အပူပိုင်းနှင့်အအေးပိုင်း နှစ်မျိုးစလုံးတွင် စိုက်ပျိုးနိုင်သော သီးနှံများဖြစ်သည့် နဂါးမောက်၊ ပျားလိမ္မော်၊ ကြက်မောက်၊ ကျွဲကော၊ ဒူးရင်း၊ ပိန္နဲသရက်၊ မန်ကျည်းချို၊ မင်းကွတ်၊ လောင်ဂေါင်၊ လိုက်ချီး၊ လောင်ဂန်၊ မာလကာ၊ ဩဇာ၊ နှင်းသီး၊ သစ်တိုသီး၊ စပျစ်၊ မက်မွန်နှင့် တယ်သီး စသည့် နှစ်ရှည်ပင်သီးနှံများကို မြောက်မြားစွာ ပျိုးထောင်စိုက်ပျိုးထားသည့်အနက် ဖြစ်ထွန်းအောင်မြင်နေသော ဆေးဖက်ဝင် နဂါးမောက်သီးများအကြောင်းကို စေ့ငုမိသည်။

ဝင်ငွေကောင်း

သီပေါမြို့နယ်တွင် လွန်ခဲ့သော လေးနှစ်ခန့်ကစတင်ပြီး လူသိများ၍ စိုက်ပျိုးဖြစ်ထွန်းနေသော ရှားစောင်းလက်ပပ်မျိုး၊ စိတ်ဂမုန်းမျိုးနွယ် ဆေးဖက်ဝင် နဂါးမောက်သီးများ လှိုင်လှိုင်ပေါ်နေပြီဖြစ်၍ ခြံတောင်သူများ ဝင်ငွေကောင်းနေကြသည်။ ယင်းနဂါးမောက်ပင်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ (PMG) ကုမ္ပဏီမှ စတင်စိုက်ပျိုးခဲ့ပြီး ယခုကဲ့သို့ ဖြစ်ထွန်းပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

နဂါးမောက်သီးပေါ်ချိန်မှာ မေလမှ အောက်တိုဘာလအထိဖြစ်ရာ အထူးသဖြင့် မိုးရာသီတွင် လှိုင်လှိုင်ပေါ်သည်။ အသီးတစ်လုံး၏ အလေးချိန်မှာ ၃၀ကျပ်သားကျော်ရှိသည်။ အခွံမှာ ပန်းနုအနီရောင်ဖြစ်ပြီး နဂါး၏ လည်ဆံမွေးကဲ့သို့ အခွံအစိမ်းရောင်အဖတ်များ ပါရှိသည်။ အတွင်းအသားသည် အဖြူ၊ အနီ၊ အဝါ သုံးရောင်ရှိ၍ အတွင်းအသားအနီရောင်မှာ ပိုမိုဆေးစွမ်းထက်ပြီး အရသာချိုမြိန်ကာ ချဉ်ပြုံးပြုံးလေးရှိသည်။ အသားတွင် အနက်ရောင်အစေ့ငယ်လေးများ ပါရှိသည်။ နဂါးမောက်သီးတစ်လုံးတွင် အင်တီအောက်စီးဒင့်ဓာတ် အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါကို ကာကွယ်နိုင်ကြောင်း သိရသည်။

ထောက်ကူ

နဂါးမောက်သီးကိုစားလျှင် သွေးတိုး၊ ဆီးချို၊ သွေးချို၊ နှလုံးရောဂါနှင့် လေသင်တုန်း၊ လေဖြတ်ခြင်း ရောဂါများ သက်သာပျောက်ကင်းပြီး မလိုအပ်သောအဆီများကို လျှော့ချပေးသည့်အပြင် စိတ်ကြည်လင် လန်းဆန်းစေသည်။ နဂါးမောက်သီး၏အပွင့်ကို အခြောက်လှန်း အမှုန့်ပြုလုပ်ပြီး ရေနွေးနှင့်ရောစပ်သောက်သုံးပါက လေဖြတ်ရောဂါပျောက်ကင်းစေနိုင်သဖြင့် အမျိုးသား အမျိုးသမီးတိုင်းအတွက် ကျန်းမာရေးကို အထောက်အကူပြုကြောင်း သိရသည်။

နဂါးမောက်ပင်၏ မူရင်းထွက်ရှိရာ ဒေသသည် စပိန်နိုင်ငံအလယ်ပိုင်းဒေသဖြစ်ပြီး အင်္ဂလိပ်ဘာသာအားဖြင့် (Dragon Fruit)၊ တရုတ်ဘာသာအားဖြင့် ဟော့လုံ(မီးနဂါး)ဟုခေါ်တွင်ကြသည်။ ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှသောအသီးမျိုးဖြစ်ပြီး မြန်မာနိုင်ငံအတွက် သစ်သီးပင်အသစ်တစ်မျိုး ဖြစ်သည်။

အောင်မြင်ဖြစ်ထွန်း

ဈေးကွက်ကောင်းပြီး အလားအလာကောင်းသော၊ စီးပွားဖြစ်စိုက်ပျိုးနိုင်သော သီးနှံတစ်မျိုးဖြစ်သဖြင့် ယမန်နှစ်က စိုက်ပျိုးခဲ့သော ခြံတောင်သူလေးဦး၏ခြံများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် (PMG) ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် စိုက်ပျိုးထားသော ၁၀ဧကရှိ နဂါးမောက်ခြံတို့အား မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည် ဦးဆောင်သော တောင်သူများသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နဂါးမောက်ပင်များကို အားကျအတုယူစိုက်ပျိုးရေးအတွက် ကွင်းဆင်းသွားရောက်လေ့လာကြရာ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်သန်း၊ (PMG) ကုမ္ပဏီခြံတာဝန်ခံ မန်နေဂျာ ဒေါ်နန်းလှိုင်ခမ်းတို့က နဂါးမောက်သီး စိုက်ပျိုးစောင့်ရှောက်ပုံ နည်းစနစ်များကို ရှင်းလင်းပြသသည်။

အပိုဝင်ငွေ

နဂါးမောက်ပင်၏ အပွင့်နှင့်အသီးများသည်လှပသဖြင့် အိမ်ခြံဝင်းကျယ်ဖြင့်နေထိုင်သူ၊ သစ်ပင်စိုက် ဝါသနာထုံသူများသည် မိမိနေအိမ်ဝင်းအတွင်း ခြံလည်းလှပကျက်သရေရှိ၊ အပိုဝင်ငွေလည်းရသည့် နဂါးမောက်ပင်များကို စိုက်ပျိုးထားကြသည်။ နဂါးမောက်သီးများကို တစ်လုံးလျှင် ငွေကျပ်၉၀၀မှ ငွေကျပ်၁၅၀၀အထိ ဈေးရှိပြီး တစ်ကီလိုဂရမ်လျှင် လက်ကားဈေး ငွေကျပ်နှစ်ထောင်ရှိသည်။ နဂါးမောက်အပင်မျိုးသည် ထိုင်းမျိုးနှင့် ဗီယက်နမ်မျိုးဟူ၍ရှိရာ ထိုင်းမျိုးသည် တစ်နှစ်အတွင်း ပန်းပွင့်ပြီး အသီးစတင်သီးသည်။ ပန်းပွင့်သည် ညပိုင်းမှာပွင့်လေ့ရှိသဖြင့် နေထွက်လျှင် ပန်းပွင့်ငုံသွားပြီးနောက် အသီးများ သီးလာသည်။

ရောင်းချ

ယခုစိုက်ပျိုးထားသည့်မျိုးမှာ ထိုင်းမျိုးဖြစ်ပြီး နဂါးမောက်ပင်ပေါင်း ၂၂၀၀၀ကျော် စိုက်ပျိုးထားပြီး ဖြစ်သည်။ ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၁၅၀၀မှ ကျပ်၂၀၀၀နှုန်းဖြင့်လည်းကောင်း၊ ခြံတောင်သူများလိုအပ်သည့် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုလည်းကောင်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

စိုက်ပျိုးသင့်

နဂါးမောက်သီးသည် မြန်မာနိုင်ငံ၏ သစ်သီးပင်အသစ်တစ်မျိုးဖြစ်ရာ ဈေးကွက်အလားအလာကောင်းမွန်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်သည့် သစ်သီးဖြစ်သဖြင့် ခြံတောင်သူများ ဝင်ငွေတိုးစေရန် တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း သတင်းမှတ်စုအဖြစ် ဖော်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

သီပေါမြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နဂါးမောက်ပင်များဝေဆာနေသည်ကို ဤသို့ တွေ့ရသည်။

မြစ်သား ဘိုးဘွားရိပ်သာ (၄)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကျင်းပ

မြစ်သား အောက်တိုဘာ ၁၈

မြစ်သားမြို့ ဘိုးဘွားရိပ်သာ (၄)နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက်၈နာရီက အဆိုပါ ဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ဘိုးဘွားရိပ်သာ နာယကဖြစ်သည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား မြို့နယ်အတွင်းရေးမှူး ဦးစိန်လွင်က အဖွင့်အမှာစကားပြောကြားပြီး ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးကြည်မောင်က ရိပ်သာတည်ဆောက်မှု၊ ထိန်းသိမ်းမှုများကို ရှင်းလင်းခြင်း**(အပေါ်ပုံ)**၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းထွန်းအောင်က လုပ်ငန်းအစီရင်ခံစာ ဖတ်ကြားခြင်း၊ ဒုတိယဥက္ကဋ္ဌ-၂ ဦးခင်မောင်က ရသုံးငွေစာရင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အလှူရှင်များက ငွေပဒေသာပင်စိုက်ထူ လှူဒါန်းပေးအပ်ခြင်းနှင့် ဘိုးဘွားရိပ်သာဆောက်လုပ်ရန် ကာလတန်ဖိုးငွေကျပ် ၁၅သိန်းရှိ မြေအကျယ်အဝန်း ၂၃သမ၅၀ဧကရှိ မြေကို လှူဒါန်းသောဦးစိုးမြင့်-ဒေါ်ကျင်သန်း ရှမ်းပွဲရပ်အား ဂုဏ်ပြုဖလားနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းနိုင်

ရပ်ဝေးရပ်နီးမှ စေတနာရှင်၊ အလှူရှင်များ လှူဒါန်းလိုပါက ရိပ်သာဖုန်းအမှတ်-၀၆၆-၆၀၂၆၉သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲ ပွင့်ဖြူမြို့၌ကျင်းပ

ပွင့်ဖြူ အောက်တိုဘာ ၁၈

၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသော သင်ကြားမှုထူးချွန်သူ ဆရာ ဆရာမများ၊ ကြီးကြပ်ပေးသော မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာ ဆရာမကြီးများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျင်းပပေးသည့် ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှငွေးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်မြသန်းနွယ်က ပညာရေးဆိုင်ရာကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် သင်ကြားမှုထူးချွန်သူ ဆရာ ဆရာမ ၃၇ ဦး၊ ကြီးကြပ်ပေးသော မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာ ဆရာမကြီး ခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** ပွင့်ဖြူမြို့နယ်တွင် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၅၈ဦး စုစုပေါင်း ဂုဏ်ထူးရရှိသူပေါင်း ၈၂ ဦး ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



ကျေးရွာ မူလတန်းကျောင်းဆောင်သစ် ပေးအပ်

မတ္တရာ အောက်တိုဘာ ၁၅

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဟလင်းကျေးရွာ၌ အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်းဆောင်သစ် ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ရက် နံနက် ၈နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ငွေးရီ၊ ကျောင်းအုပ်ကြီး ဦးကျော်ဆွေနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးထွန်းကိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို ရွှေကြိုးငွေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

သီဆိုဖျော်ဖြေ

ဆက်လက်၍ အမှတ်(၂၇)ကျောင်း အုပ်ကြီးဦးကျော်ဆွေက မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရင်းဇယားများပေးအပ်ပြီး အမက(၂၇)မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကများဖြင့် သီဆိုဖျော်ဖြေကြသည်။

ကုန်ကျ

အဆိုပါ ကျောင်းဆောင်သစ် ဆောက်လုပ်မှုအတွက် ငွေကျပ်သိန်း ၆၀ ကုန်ကျခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်း လေးပင်ကုန်းကျေးရွာအုပ်စု တောင်သူကြွယ်ကျေးရွာ စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို စက်တင်ဘာ၄ရက်က ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု)ဦးသိန်းညွန့်ဟန် ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သံတောင်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စက်တင်ဘာ ၁၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်လင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အုတ်စီကွန်ကရစ်ခင်း

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မာန်အောင်ဈေး ဝင်ပေါက်တံတားကို အုတ်စီကွန်ကရစ်ခင်းတံတားအဖြစ် ဒုတိယဦးစီးမှူး(ဈေး)ဦးဝေလင်း ဦးဆောင်၍ ဈေးမိဈေးဖနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့နယ် အား/ကာကော်မတီ လုပ်ငန်းများစစ်ဆေး

ရွှေဘို အောက်တိုဘာ ၁၈

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် အားကစားနှင့်ကာယပညာကော်မတီမှ ကြီးကြပ်ဆောင်ရွက်သည့် အုတ်တံတိုင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်နှင့် ဈေးဆိုင်ခန်းများကို စက်တင်ဘာ ၂၁ ရက်က စစ်ကိုင်းတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထွန်းမြင့်၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရမည်းသင်းတွင် မေတ္တာပေါင်းကူးတံတားဖွင့် ငွေကျပ် ၃၄သိန်း အကုန်အကျခံဆောက်လုပ်ခဲ့

ရမည်းသင်း အောက်တိုဘာ ၁၈

ရမည်းသင်းမြို့နယ် ထိန်ကန်အုပ်စု ညောင်ပင်ကိုင်းကျေးရွာ မေတ္တာပေါင်းကူးတံတား ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ရက် နံနက်၉နာရီက အဆိုပါ တံတား၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ရမည်းသင်းမြို့နယ် ကျွဲတပ်ရွာ အလှူရှင် ဦးဇော်ဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ တံတားဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌဦးမျိုးဆင့်က တံတားဆောက်လုပ်မှုအခြေအနေကို တင်ပြပြီး တံတားအတွက် ရမည်းသင်းမြို့နယ်နေ ဦးသက်ခိုင်နှင့် အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ တံတားဖြစ်မြောက်ရေး ကော်မတီ ဦးမြထွန်းက လက်ခံသည်။

ထို့နောက် တံတား အလှူရှင်များ ကိုယ်စား ဦးဇော်ဝင်းနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဆင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ညောင်ပင်ကိုင်းရွာ မေတ္တာပေါင်းကူးတံတားသည်အလျား၂၀ပေ၆လက်မ၊ အကျယ် ၁၅ပေရှိ၍ အာရ်စီ အမျိုးအစားဖြစ်ပြီး စုပေါင်း လှူဒါန်းငွေကျပ် ၃၄သိန်းဖြင့် အကုန်အကျခံ၍ ဆောက် လုပ်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ဇီးဖြူပင်လမ်း ကျောက်ချောလမ်းပြင်ဆင်ခြင်းကို စက်တင်ဘာ ၂၁ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝဏ္ဏမောင် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွက် မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၂)ရပ်ကွက် ဆေးရုံလမ်း မြို့တွင်းကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မာလာကျော်တို့က ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

စိုက်ပျိုးစရိတ်ချေးငွေ ရှင်းလင်းပွဲကျင်းပ

ယင်းမာပင် အောက်တိုဘာ ၁၅

မုံရွာခရိုင် ယင်းမာပင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၇ရက်က သမဝါယမ စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်း ရှင်းလင်းပွဲကျင်းပရာ တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်က သမဝါယမ စိုက်ပျိုးစရိတ်ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ***(မြို့နယ် ပြန်/ဆက်)***

အမှတ်စဉ် (၁၂) ပညာဒါနသင်တန်း

အင်္ဂလိပ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား ဘာသာစကားများကို ပညာဒါနအဖြစ် သင်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက်အတွင်း ၂၄-၁၀-၂၀၀၉ ရက် (စနေနေ့)တွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း- ၅၆၀၇၄၃ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။ ဂျပန်စာမေးပွဲ ဖြေဆိုလိုသူများအတွက်လည်း အထူးသင်ကြားပေးသွားမည်။

မင်္ဂလာဗျူဟာအသင်းချုပ်
ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်းဖွင့်မည်

မင်္ဂလာဗျူဟာအသင်းချုပ် (ဗုဒ္ဓဘာသာသင်တန်းကျောင်း) အာဇာနည်လမ်း ဗဟန်းတွင် ၃၁-၁၀-၂၀၀၉ရက် (စနေနေ့)မှစ၍ စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၃နာရီမှ ၅နာရီအထိ (၁၁)ကြိမ်မြောက် ပဋ္ဌိစ္စသမုပ္ပာဒ်သင်တန်း ဖွင့်လှစ်ပါမည်။ ဓမ္မဒါနသင်ကြားပို့ချမည့် သင်တန်းပြဆရာများမှာ မိုးကုတ်ဓမ္မကထိကများဖြစ်ကြသော ဒေါက်တာဦးကျော်မြင့် (ခ) ရှင်ကေတုနှင့် သီလရှင်ဆရာမကြီး ဒေါ်ဝိမလစာရီတို့ ဖြစ်ပါသည်။

ပြည့်စုံအေးသာသနာ့ရိပ်သာ (၁၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းလှူမည်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာလမ်းရှိ မဟာစည်သြဝါဒခံ ပြည့်စုံအေးသာသနာ့ရိပ်သာ၏ တောင်ငူဆရာတော် ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တ သုဇာတအမှူးပြုသော သံဃာတော် (၆၅) ပါးတို့အား (၁၂)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း ကုသိုလ်ပွဲကို(တန်ဆောင်မုန်းလပြည့်နေ့) ၁-၁၁-၂၀၀၉ ရက် (တနင်္ဂနွေနေ့)တွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ သင်္ကန်းစသည်တို့ကို ကိုယ်တိုင်လှူဒါန်းကာ တရားနာရေစက်ချမည်ဖြစ်ရာ ယောဂီများ၊ တပည့်ဒါယကာ ဒါယိကာမများ၊ တောင်ငူအသင်းသူ အသင်းသားများ ကြွရောက်နိုင်ကြောင်း အထူးဖိတ်ကြားအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့ ဖုန်း-၆၉၀၀၃၅။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၅လမ်း၊ အမှတ်၁၁၆၊မြေ(ပေ၂၀× ပေ၆၀)ပေါ်ရှိနေအိမ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်လှမြင့် ၁၂/ဥကတ(နိုင်) ၀၈၁၂၉၈ မသိရှိဘဲတစ်ဆင့်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း မပြုလုပ်ကြပါရန် အသိပေး ကြေညာအပ်ပါသည်။

ပိုင်ရှင်
ဒေါ်ခင်လှမြင့်
ဖုန်း- ၀၉-၅၃-၆၀၁၈၊ ၅၆၁၂၉၅။

ဖြူးမဟာစည် (ရန်ကုန်)သိမ်တော်မင်္ဂလာ ရေစက်ချပွဲနှင့် မဟာဘုံကထိန်လှူဒါန်းပွဲ

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက် ကမာရွတ်ဘူတာအနီး ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ (သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ပြည်တွင်းပြည်ပ မဟာစည်နာယက)သီတင်းသုံးတော်မူရာ ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာကြီး၌ ဆောက်လုပ်ပြီးစီးသော သိမ်တော်မင်္ဂလာ ရေစက်ချလှူဒါန်းပွဲ ပရိယတ် ပဋိပတ် စာသင်စာချ တရားဟော တရားပြဆရာတော် အရှင်ငါးပါး ပူဇော်ပွဲနှင့် စုပေါင်း မဟာဘုံကထိန်ပွဲကို (၁၃၇၁ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်)၂၅-၁၀-၂၀၀၉ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂:၀၀ နာရီအချိန်တွင် ကျင်းပမည်ဖြစ်ရာ သိမ်အလှူရှင်များ၊ ကထိန်အလှူရှင်များနှင့် တပည့် ဒါယကာ ဒါယိကာမအားလုံး ရေစက်ချ တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

သာသနာရေးဝန်ကြီးဌာနမှကြီးမှူးကျင်းပမည့် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာမဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပါဝင်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ခြင်း

သာသနာရေးဝန်ကြီးဌာနမှ ကြီးမှူး၍ အိန္ဒိယနိုင်ငံ၊ မြန်မာကျောင်းအသီးသီးတွင် သီတင်းသုံးနေထိုင်လျက်ရှိကြသော သံဃာတော် ၈၃ပါး၊ ဗုဒ္ဓစာပေများ ပညာသင်ကြားလျက်ရှိသော သံဃာတော် ၄၄၅ပါးတို့အား ရည်မှန်း၍ ၁၃၇၁ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက် (၂၉-၁၀-၂၀၀၉)ရက်တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ၌ မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပမည် ဖြစ်ပါသည်။

စေတနာရှင် သဒ္ဓါကြည်လင်ပါရမီရှင်များအနေဖြင့် အဆိုပါ ဗုဒ္ဓဂယာ၊ မဟာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် မြန်မာကျပ်ငွေ၊ နိုင်ငံခြားသုံးငွေများဖြစ်ကြသော ရူပီ၊ အမေရိကန်ဒေါ်လာ စသည်များကို သာသနာရေးဝန်ကြီးဌာနနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဗုဒ္ဓဂယာ မဟာကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပမည့်နေ့ရက်တွင် အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာသို့ ရောက်ရှိနေကြသော ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များအနေဖြင့်လည်း အခမ်းအနားတက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား အလှူငွေ၊ လှူဖွယ်ပစ္စည်းတို့ကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်များ- ၀၆၇-၄၀၆၀၁၄၊ ၀၆၇-၄၀၆၁၃၇၊ ၀၁-၆၆၁၂၇၅၊ ၀၁-၆၆၅၃၈၅။

သာသနာရေးဝန်ကြီးဌာန

ပြန်/ဆက်လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရေး လစဉ်ပုံမှန်အစည်းအဝေး ဗဟန်း ပြန်/ဆက်၌ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများ၏ လစဉ်ပုံမှန်လဝက်အစည်းအဝေးကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာဖတ်ခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းလွင်ဦးက ရုံးချုပ်၊ တိုင်းရုံးတို့၏ ညွှန်ကြားချက်များ အလေးထား လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးနှင့် မိမိဌာနလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (ဝဲပုံ)

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ မြို့နယ်ဦးစီးမှူးများက မိမိမြို့နယ်ရုံး၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မြို့နယ်အလိုက် ရှင်းလင်းတင်ပြကြရာ ခရိုင်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ဆောင်ရွက်မည့် ပေါင်မြို့ ဘုရားကြီးလမ်း ကတ္တရာထပ်ပိုးလွှာတင်ရန် ကျောက်များ စုဆောင်းထားရှိမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဗျားနိုနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

တန်ဖိုးနည်း ယူကလစ်အိမ်ရာ ဆောက်လုပ်မှု စစ်ဆေး

မိုးကောင်း အောက်တိုဘာ ၁၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲလွင်သည် စက်တင်ဘာ ၆ ရက် နံနက်က မန်ရွက်ကျေးရွာအုပ်စု ရှစ်မိုင်လမ်းဆုံရှိ သစ်တောပျိုးဥယျာဉ်အတွင်း တန်ဖိုးနည်း ယူကလစ်အိမ်ရာ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ တောအုပ် ဦးကျော်ကျော်အေးက လုပ်ငန်းဆိုင်ရာများကို လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (၀၀၁)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်ထွန်း ဦးဆောင်၍ ကွေ့ကြီးကျေးရွာ သောက်ရေကန်ခြံစည်းရိုးကာရံခြင်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အထက(၂)နေပြည်တော်တပ်ကုန်း ပညာရည်ချွန်ဆုချီးမြှင့်

နေပြည်တော်တပ်ကုန်း အောက်တိုဘာ ၂၀

နေပြည်တော်တပ်ကုန်း အထက(၂)၏ ၂၀၀၈-၂၀၀၉ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက အထက (၂) သီရိရတနာခန်းမ၌ ကျင်းပရာ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တက္ကသိုလ်ဝင်တန်းတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မောင်သက်ကိုကိုကျော်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။ (၂၆၆)

တံတားတည်ဆောက်

ကွန်ဟိန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေဦးလမ်းသစ်သားတံတား တည်ဆောက်ခြင်းလုပ်ငန်းကို စက်တင်ဘာ ၂၁ ရက်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မိုးခိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



ရွှေကူမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

ရွှေကူ အောက်တိုဘာ ၁၉

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးဝန်ထမ်းများအား စာပေဗဟုသုတပြည့်စုံစေရန်နှင့် တစ်ဦးချင်းအရည်အသွေး မြင့်မားစေရေးအတွက် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပရာ မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးများကို ဝန်ထမ်းများကဖတ်ကြားဆွေးနွေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်စိုးနိုင်က ပြန်လည်သုံးသပ်သည်။

(မြို့နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

သားကောင်းရတနာ ပြဇာတ်ပြိုင်ပွဲ ဆက်လက်ကျင်းပ
ကရင်ပြည်နယ်ကိုယ်စားပြုပြဇာတ်အဖွဲ့ ပါဝင်ယှဉ်ပြိုင်တင်ဆက်
ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့်ဇနီး ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၀

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ **'သားကောင်းရတနာ'** ပြဇာတ်ပြိုင်ပွဲ၏ တတိယနေ့ပထမပွဲစဉ်ကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ကိုယ်စားပြုပြဇာတ်အဖွဲ့က ယှဉ်ပြိုင်တင်ဆက် ကပြဖျော်ဖြေသည်။ *စာမျက်နှာ ၈ ကော်လံ ၆* ●

နမီးချောင်းကူး ဇမ္ဗူအေးတံတား အင်းတော်မြို့နယ်တွင် ဖွင့်ပွဲကျင်းပ

အင်းတော် အောက်တိုဘာ ၂၀

အင်းတော်မြို့နယ် မံထုံကျေးရွာအုပ်စု သောင်းကြီးကျေးရွာ နမီးချောင်းကူး ဇမ္ဗူအေးတံတားဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀နာရီက အဆိုပါ တံတားထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝင်း၊ စည်ပင် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်အောင်ဦးနှင့် ရပ်မိရပ်ဖ ဦးအောင်လှ တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး ရပ်မိရပ်ဖ ဦးအောင်လှက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ အထိမ်းအမှတ်အလံများကို မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ကျေးရွာဥက္ကဋ္ဌ ဦးတင်ရွှေ၊ ရပ်မိရပ်ဖဦးအောင်လှနှင့် ဦးအောင်ရှိန်တို့က ပေးအပ်ကြသည်။ အဆိုပါ တံတားမှာ အရှည် ၄၂၅ပေ × ၁၂ပေ× ၁၇ပေရှိပြီး ခန့်မှန်းကုန်ကျငွေကျပ် ၁၂၅သိန်း အကုန်ကျခံ၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝ၃ဝ)

အချိန်တိုအတွင်း ဖွံ့ဖြိုးစည်ပင်လာသော မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း(မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု
လှိုင်လှိုင်သင်း

ရန်ကုန် အောက်တိုဘာ ၂၀

ရေမြင့်လျှင် ကြာတင့်သည်ဟူသော ဆိုရိုးစကားရှိသည်။ မြို့ရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ ပြည်နယ်နှင့်တိုင်းအလိုက် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုကြောင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်။ မြို့နယ်တိုးတက်သဖြင့် ကျေးရွာလည်း ဖွံ့ဖြိုးလာသည့်လက်တွေ့မြင်ကွင်းတစ်ရပ်ကို မကွေးတိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် ပဒါန်းကျေးရွာတွင် တွေ့ခဲ့ရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

ပုသိမ်-မုံရွာလမ်းမကြီးနှင့် မင်းဘူး-အမ်းသွားရာလမ်း ခွဆုံရှိ ပဒါန်းကျေးရွာက ဤသို့ ကြိုဆိုနေသည်။
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)